မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၁၁)

မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ

မိဘကို လုပ်ကျွေးပြုစုခြင်းသည်
မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်-နေပြည်တော်-မန္တလေးကားလမ်း
လမ်းပိုင်းအလိုက် အဆင့်မြှင့်တင်ဖောက်လုပ်ခြင်း လုပ်ငန်းများ
ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲက ရွှေကျင်တပ်နယ်မြဝတီခန်းမ၌ တပ်နယ်မှ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံပြီး မြို့မပွဲကုန်းရပ်ရှိ တောင်သူ ဦးစိုးတင့်၏ မြေပဲစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၇ ကော်လံ ၃ ＊

အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော ဝန်ချီစက်အငယ်စားပါ သံလမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့ လိုက်ပါနိုင်သည့် ကွန်ပျူတာစနစ်သုံး သံလမ်းပြေးယာဉ် (Rail Gang Car with Crane) ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့်
ခေတ်မီစက်ခေါင်းသစ်များနှင့် စက်ယန္တရားသစ်ကြီးများ

သတင်းဆောင်းပါး တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း ညီမောင်(သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၈

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာဖြစ်ထွန်းစေရေးအတွက် ရထားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသည်။

အကုန်အကျခံ

အဆိုပါ ရထားလမ်းပိုင်းများ၌ အဆင့်မီစက်ခေါင်းများဖြင့် ပြေးဆွဲနိုင်ရေး၊ လမ်းပိုင်းများ ရေရှည်ကြံ့ခိုင် ကောင်းမွန်ရေးတို့အတွက် ပြည်တွင်း၌ ကွန်ကရစ်ဇလီဖားများ တိုးချဲ့ထုတ်လုပ်ပြီး ပြည်ပမှစက်ခေါင်းအသစ်များနှင့် လမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသုံး စက်ယန္တရားကြီးများကို ဘဏ္ဍာငွေများစွာ အကုန်အကျခံဝယ်ယူကာ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော အလိုအလျောက် လမ်းညှိ လမ်းပြုပြင်သည့် ကွန်ပျူတာစနစ်သုံး စက်ယန္တရား (Automatic Levelling, Lining & Tamping Machine) ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

＊ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
＊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
＊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
＊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

＊ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
＊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
＊ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
＊ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

＊ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
＊ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
＊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
＊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အယ်ဒီတာ့အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၉ ရက်)

နိုင်ငံတော်သစ်ဖြစ်ထွန်းပေါ်ပေါက်ရေး အခြေခံများ ချမှတ်ပေးနေ နိုင်ငံတော်၏စေတနာ အလေးထားသိမြင် လက်တွဲပါဝင်

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မြိုင်) ဖွင့်ပွဲအခမ်းအနားကို အဆိုပါစက်ရုံ၌ ဇန်နဝါရီလ ၁၇ရက်နေ့ကကျင်းပခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခြင်းဖြစ်ရာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်သို့ စနစ်တကျ အသွင်ကူးပြောင်းနိုင်ရန် ကြိုးပမ်းထူထောင်ရာ၌ သာမန်လုပ်ရိုးလုပ်စဉ် ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ ပြည်သူအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် အထူးစီမံကိန်းများကို ကြိုးပမ်းဖော်ဆောင်ပေးနေခြင်းပင် ဖြစ်သည်။

ဤသည်မှာ ပြည်ထောင်စုကြီး၏နယ်မြေ တစ်ခုနှင့်တစ်ခုအကြား ကွာဟချက်များ လျော့နည်းစေပြီး ဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံထုတ်ကုန်များ၏ အရေအတွက်နှင့် အရည်အသွေး တိုးတက်မြင့်မားရေး၊ စက်ကိရိယာအမယ်သစ်များ တိုးတက်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်နိုင်ရေး၊ နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် ပြောင်းလဲနိုင်ရန် အခြေခံကောင်းများရရှိရေး ဦးတည်ချက်များနှင့်အညီ စက်မှုလုပ်ငန်းများ ထူထောင်ပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် မြှင့်တင်တည်ဆောက်ရာ၌ လိုအပ်ချက်များပြားသည့်ဒေသများကို အလေးထားမြှင့်တင် ဆောင်ရွက်ပေးနေပြီး ဒေသခံတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်စေရန်၊ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရန် အဓိကဦးတည် ကြိုးပမ်းနေခြင်းလည်း ဖြစ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာစေရန် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများအပိုင်းက နိုင်ငံတော်၏စေတနာကို သိမြင်သဘောပေါက်ပြီး ဖွဲ့၊ လုံ့လ၊ ဝီရိယအား၊ ခိုင်ကျည်လေးနက်သည့် စည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် ပါဝင်စွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၁-၂၀၀၉ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၇:၀၅-၁:၀၅	**သီလခန်း** တရားတော် (ဆရာတော် ဘဒ္ဒန္တ ကဋ္ဌနသာရ)	၁၀:၂၅-၄:၂၅	မြို့ပြခရီး (Spain မှ ဗလင်ဆီယာမြို့အကြောင်း)
၈:၀၅-၂:၀၅	Soccer Update	၁၀:၄၅-၄:၄၅	ပြည်တွင်းသတင်းအကျဉ်း
၈:၂၀-၂:၂၀	Activities in the City (ဥပဒေကျောင်းသား ကျောင်းသူများ ဆရာကန်တော့ပွဲ)	၁၀:၅၅-၄:၅၅	တေးဂီတအစီအစဉ်
၈:၃၅-၂:၃၅	နိုင်ငံတကာအနုပညာရေးရာ	၁၁:၀၀-၅:၀၀	ဆန်းပြားခမ်းနားမှုများနှင့် ဆေးရောင်စုံ ဆံပင်ပုံပြင်တစ်ပုဒ်
၉:၀၀-၃:၀၀	**ကျန်းမာသန်ထွား ဉာဏ်မြင့်မား** မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ငွမ်းပုံ	၁၁:၂၀-၅:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၁၀-၃:၁၀	တေးဂီတအစီအစဉ်	၁၁:၂၅-၅:၂၅	မြန်မာ့ဂုဏ်ဒြပ် ထွန်းတောက်စေမည့် မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ပန်းချီအနုပညာပြပွဲပြိုင်ပွဲ
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း	၁၁:၅၀-၅:၅၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	သူတို့ပြောတဲ့ သူတို့အကြောင်း (ရုပ်ရှင်သရုပ်ဆောင် ခင်မို့မို့အေးနှင့်တွေ့ဆုံခြင်း)	၁၁:၅၅-၅:၅၅	Biz Net
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်	၁၂:၀၅-၆:၀၅	သစ်သီးဝလံ ပေါပြည့်ဝေဆာတို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
၁၀:၀၀-၄:၀၀	နိုင်ငံတကာသတင်းအကျဉ်း	၁၂:၂၅-၆:၂၅	Yangon Panorama (တယောဦးတင်ရီ၏ မွေးနေ့နှင့် ဂီတခရီးစဉ်)
၁၀:၀၅-၄:၀၅	Say it in English	၁၂:၄၅-၆:၄၅	နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
		၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Liverpool - Everton	ESPN (Live)

မြဝတီရုပ်မြင်သံကြား

၁၉-၁-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၀၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၁၅ ၉။ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင်
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့ နှလုံးသား** (အပိုင်း-၁၃)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မေးမြန်းစူးစမ်း
- ၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၂၈)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ပုဂံမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်မန်နေဂျာများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပုဂံမြို့တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အဘက်ဘက်မှ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၈

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ယမန်နေ့နံနက် ၇နာရီက ပုဂံမြို့ရှိ ဧရာ ဟိုတယ်၌ ပုဂံမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်မန်နေဂျာများနှင့် တွေ့ဆုံ၍ ပုဂံဒေသသည် ကမ္ဘာလှည့်ခရီးသည်များ အပါအဝင် ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လေ့လာ အပန်းဖြေရန် ဆွဲဆောင်မှုအရှိဆုံး ဒေသတစ်ခုဖြစ်သဖြင့် ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဘက်ဘက်မှ ပူးပေါင်းပါဝင် ကြိုးစားဆောင်ရွက်ကြရန်နှင့် ဝန်ကြီးဌာနကလည်း လိုအပ်သည်များ ဖြည့်ဆည်းကူညီသွားမည်ဖြစ်ကြောင်း မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁)မရမ်းကုန်း အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းမြို့မ အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၈ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း စန္ဒီမာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အပူဇော်ခံ ဆရာကြီး ဆရာမကြီး ၁၆၀ကျော်အား ပူဇော်ကန်တော့မည်ဖြစ်ရာ ထပ်မံပေးပို့ရရှိသော ဆရာကြီး ဆရာမကြီးများစာရင်းကို အောက်ပါပုဂ္ဂိုလ်များထံ ပေးပို့ကြပါရန်နှင့် အလှူငွေများကို ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးမောင်အုန်း ဖုန်း-၀၉-၅၁-၂၈၅၂၉၊ ဒေါက်တာအောင်မြတ်သိန်း ဖုန်း-၆၅၁၅၂၆၊ ဦးကျင်စိုး ဖုန်း-၆၆၂၀၂၉၊ ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁-၃၁၆၀၈၊ ဦးအောင်ကြည် ဖုန်း-၆၆၃၀၇၂ နှင့် ဦးအောင်မြင့်ဦး ဖုန်း-၀၉-၅၀-၃၇၈၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၁)**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ ပါဝင်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၇ရက်က မလွှကုန်းမီးရထားရပ်ကွက်၊ ကျိုက်တော်ရပ်ကွက်တို့တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးလှိုင်ဦး၊ မလွှကုန်းမီးရထားရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့ ဦးဆောင်ကာ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ ပိုးလောက်လမ်းကင်းစင်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ရန် တစ်အိမ်တက်ဆင်း ပညာပေး လုပ်ဆောင်ပြသခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းတို့ကို ရပ်ကွက်ပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ မလွှကုန်းမီးရထားရပ်ကွက်တွင် အိမ်ခြေ ၆၇၈ အိမ်ရှိပြီး လူဦးရေ ၄၀၀၀ ကျော် နေထိုင်လျက်ရှိသည်။ (၁၂၃)

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းအတွက် ရွှေပြားများ၊ အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ကန်တော့၍ ဖွင့်လှစ်စဉ်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းအတွက် ရွှေပြားများ၊ အလှူငွေများ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူခြင်းအတွက် ရွှေပြားများ၊ အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် အဆိုပါစေတီတော် ကုန်းတော်ရှိ မဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရွှေနေချုပ် ဦးအေးမောင်နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်း ကပ်လှူခြင်းအတွက် အလှူရှင် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ အရာရှိ အရာခံ အကြပ် စစ်သည် မိသားစုများက သုံးကျပ်သား ရွှေပြားငါးချပ်၊ ရှေ့နေချုပ် ဦးအေးမောင်-ဇနီး ဒေါ်ခင်မြမြတို့က သုံးကျပ်သား ရွှေပြားတစ်ချပ်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် ဝန်ထမ်းမိသားစုက သုံးကျပ်သား ရွှေပြားသုံးချပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက သုံးကျပ်သား ရွှေပြားနှစ်ချပ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက သုံးကျပ်သား ရွှေပြားငါးချပ်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီး ဒေါ်ခင်ခင်ရီ သားသမီး၊ မြေးများက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဇနီး ဒေါ်အေးအေးထွန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများက သုံးကျပ်သား ရွှေပြားနှစ်ချပ်၊ တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ဇနီး ဒေါ်နီနီဝင်း (သား) ဗိုလ်သိန်းဇော်ညို-မယဉ်သူအေး (မြေး)မနေခြည်ဇော်ညိုတို့က သုံးကျပ်သား ရွှေပြားတစ်ချပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း ဇနီး ဒေါ်အေးအေး (သား) ဦးကျော်ဇေယျ-မမြအိန္ဒြာ၊ ကိုသန့်စင်နိုင်၊ ကိုအေးဇော်နိုင် (မြေး)ဇေယျာဘုန်းပြည့် မိသားစုတို့က တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ဝေဝေသာ (သမီး) မအေးမြအောင်၊ (သား) မောင်ထူးခြားအောင် မိသားစုတို့က သုံးကျပ်သားရွှေပြားတစ်ချပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဇနီး ဒေါ်ကျင်ခိုင်တို့က သုံးကျပ်သား ရွှေပြားတစ်ချပ်၊ မိဘများနှင့် အစ်ကိုအစ်မများအား ရည်စူး၍ ပန်းတနော်မြို့မှ ဦးတင်အေးနှင့် တူမ ဒေါ်တင်မြင့်က ငှက်ပျောဖူးတော်အတွက် သုံးကျပ်သား ရွှေပြားတစ်ချပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဇနီး ဒေါ်ခင်မြချစ် မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ မိခင်ကြီး ဒေါ်သင်းကြိုင်အား အမှူးထား၍ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဗိုလ်မှူးထွန်းနိုင်-ဒေါ်ယဉ်သူဇာမျိုး၊ ဦးပြည့်ဖြိုးလွင်-ဒေါ်ယဉ်ဥမ္မာမျိုး၊ ဦးမျိုးသက်ထွန်း-ဒေါ်ဝင်းဝင်းနှင်း၊ မောင်အောင်မျိုးခန့်နှင့် မောင်ချမ်းငြိမ်းဇော် မိသားစုတို့က သုံးကျပ်သား ရွှေပြားတစ်ချပ်၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်း (ACE ကုမ္ပဏီ)-ဇနီး ဒေါက်တာ ဒေါ်ငွေငွေငြိမ်း (စက်မှုစီးပွားထူးချွန် ပထမဆင့်) မိသားစုက သုံးကျပ်သား ရွှေပြား ၁၀ချပ်၊ ဦးဝင်းနိုင် မိသားစုနှင့် WEG ဝန်ထမ်းများ မိသားစုက သုံးကျပ်သား ရွှေပြား ခြောက်ချပ်၊ ဦးတင့်ဆန်း (ACEကုမ္ပဏီ)၊ ဦးရန်ဝင်း (အေဝမ်းကုမ္ပဏီ)၊ ဦးသာငွေး (Original Group ကုမ္ပဏီ)၊ ဦးသက်လင်း (တီဇက်တီအမ် ကုမ္ပဏီ) တို့က သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဦးသိန်းဝင်း-ဒေါ်တင်တင်ဝင်း (သား) ထက်အောင်ရဲရင့် (သမီး) အေးပပခိုင်၊ စုသဉ္ဇာခိုင် (မြေး) မောင်သူရိန်ရဲရင့်၊ မမေမြတ်သော်တာ ရွှေသပြေ မိသားစုတို့က သုံးကျပ်သား ရွှေပြားနှစ်ချပ်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်နှင့် ဇနီး ဒေါ်သန်းသန်းမြတို့က တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ စည်ပင်သာယာရေးဦးစီးဌာနက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ စည်ပင်သာယာရေးဘဏ်လီမိတက်က တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က လှူဒါန်းသည့် ရွှေစင် ၁၀ပိဿာ တစ်ပဲနှစ်ရွေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးက လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းတို့ကို ဝန်ကြီးများနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ ယနေ့အခမ်းအနားသို့ တက်ရောက်သူ အလှူရှင် ၂၇ဦးတို့က ရွှေသုံးကျပ်သား ၄၆ ချပ်၊ တစ်ကျပ်သား ခုနစ်ချပ်တို့ကို လှူဒါန်းခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော အလှူရှင် ၃၈ ဦးတို့ကလည်း သုံးကျပ်သား ရွှေပြား ၅၃ချပ်တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘီလီယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘီလီယက်ပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပြိုင်ပွဲနှင့် ၂၀၀၉ခုနှစ် ပဏာမ ဘီလီယက်လက်ရွေးစင် အားကစားသမား ရွေးချယ်မှုပြိုင်ပွဲကို ဇန်နဝါရီ ၁၇ရက် နံနက် ၁၀နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘီလီယက်နှင့်စနူကာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ဦးက ကျူတံထိုး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် အားကစားသမား ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲမှထွက်ပေါ်လာသော အားကစားသမား လေးဦးအား ၂၀၀၉ခုနှစ် ပဏာမ မြန်မာ့လက်ရွေးစင် ဘီလီယက်အားကစားသမားများအဖြစ် စခန်းသွင်း လေ့ကျင့်ပေးသွားမည်ဖြစ်သည်။ **(အား/ကာ)**

■ *ကျောဖုံးမှ*

ကမ္ဘာ့ကမ်းရိုးတန်းဒေသများအနက် အမေရိကန်အနောက်မြောက် ကမ်းရိုးတန်းဒေသ၊ စကော့တလန်အနောက်ပိုင်း ကမ်းရိုးတန်းဒေသ၊ တောင်အမေရိကတိုက် တောင်ဘက်ကမ်းရိုးတန်းဒေသ၊ အာဖရိကနှင့် ဩစတြေးလျနိုင်ငံ ကမ်းရိုးတန်းဒေသများသည် ရေလှိုင်းများမှ လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် အကောင်းဆုံးအနေအထားရှိသည့် နေရာများ ဖြစ်သည်။

ပမာဏ

ရေလှိုင်းအားကို ရယူပြီး တာဘိုင်စက်များလည်စေရာတွင် လက်ရှိအခြေအနေ၌ စွမ်းအင်ပမာဏ နည်းနည်းသာ ထုတ်ယူရရှိနိုင်သေးသော်လည်း ကမ်းရိုးတန်းအရှည် တစ်ကီလိုမီတာလျှင် လျှပ်စစ်မဂ္ဂါဝပ် ၁၀၀မှ ၂၀၀အထိ ထုတ်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေလှိုင်းများသည် အမြဲတမ်း ပြန်လည်ဖြည့်စွမ်းနိုင်သော သဘာဝစွမ်းအား ရှိသော်လည်း ရာသီဥတုဆိုးရွားချိန်များ၌ စနစ်တကျထုတ်ယူရန် အခက်အခဲရှိရာ ယခုအခါ မည်သည့်ရာသီဥတုအခြေအနေတွင်မဆို ရေလှိုင်းမှ စွမ်းအင်ထုတ်ယူနိုင်ရန် ဂျင်နရေတာများကို နည်းပညာသစ်များ ထည့်သွင်းသွားမည် ဖြစ်သည်။

နည်းပညာသစ်

ထိုသို့ နည်းပညာသစ်များ ဖြည့်ဆည်းပေးခြင်းသည် ရေလှိုင်း မည်သည့်အနေအထားမဆို စွမ်းအင်ထုတ်ယူနိုင်မည်ဖြစ်ကြောင်း ပေါ်တူဂီနိုင်ငံ လစ္စဘွန်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ယခုကဲ့သို့ နည်းပညာသစ် ထည့်သွင်းအသုံးပြုခြင်းဖြင့် အနိမ့်ဆုံး လေးလက်မ ခန့်မြင့်သော ရေလှိုင်းများ၏အားမှပင် စွမ်းအင်ထုတ်ယူနိုင်တော့မည်ဟု ၄င်းတို့က ဆက်လက်ပြောကြားသည်။

ကြိုးစား

ထို့အပြင် ပင်လယ်နှင့် သမုဒ္ဒရာတို့၌ ရာသီဥတုဆိုးရွားချိန်ဖြစ်ပေါ်သော ရေလှိုင်းများအားကို ရအောင်ယူကာ စွမ်းအင်ထုတ်ယူနိုင်ရန်ကိုလည်း ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-အင်တာနက်**

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကျင်းပရက် ကြေညာခြင်း

ရန်ကုန် ဇန်နဝါရီ ၁၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၀၉ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲကို အောက်ဖော်ပြပါ နေ့ရက်များအလိုက် ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၀၉ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲအချိန်စာရင်းများ

ဓမ္မာစရိယ	၁၃၇၀ပြည့်နှစ်၊ တန်ခူးလဆန်း၈ရက်(ကြာသပတေးနေ့)မှ တန်ခူးလပြည့်ကျော် ၂ရက်(စနေနေ့)အထိ။ ၂-၄-၂၀၀၉ရက်မှ ၁၁-၄-၂၀၀၉ရက်အထိ။ ၅-၄-၂၀၀၉ရက် (တနင်္ဂနွေနေ့)နားရက်။

ပထမပြန်စာမေးပွဲများ

၁။ မန္တလေးတိုင်း စစ်ကိုင်းတိုင်း မကွေးတိုင်း ဧရာဝတီတိုင်း ရန်ကုန်တိုင်း ပဲခူးတိုင်း(အရှေ့) ပဲခူးတိုင်း(အနောက်)	၁၃၇၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော်၁၃ရက် (တနင်္လာနေ့)မှ တန်ခူးလဆန်း ၆ရက်(အင်္ဂါနေ့)အထိ။ ၂၃-၃-၂၀၀၉ရက်မှ ၃၁-၃-၂၀၀၉ရက်အထိ။ ၁၃၇၀ပြည့်နှစ်၊ တန်ခူးလဆန်း၂ရက် (သောကြာနေ့) ၂၇-၃-၂၀၀၉ရက် (တပ်မတော်နေ့) နားရက်။ ၁၃၇၀ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက် ၂၉-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့) နားရက်။
၂။ ကချင်ပြည်နယ် ချင်းပြည်နယ် ကရင်ပြည်နယ် ကယားပြည်နယ် တနင်္သာရီတိုင်း မွန်ပြည်နယ် ရခိုင်ပြည်နယ် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၁၃၇၀ပြည့်နှစ်၊ တန်ခူးလဆန်း၈ရက်(ကြာသပတေးနေ့)မှ တန်ခူးလပြည့် ကြာသပတေးနေ့အထိ။ ၂-၄-၂၀၀၉ရက်မှ ၉-၄-၂၀၀၉ရက်အထိ။ ၁၃၇၀ပြည့်နှစ်၊ တန်ခူးလဆန်း၁၁ရက် ၅-၄-၂၀၀၉ရက်(တနင်္ဂနွေနေ့)နားရက်။

(သတင်းစဉ်)

* *ကျောဖုံးမှ*

တိုက်ကျွေးသင့်

ထို့အပြင် ကိုယ်အရေပြားတွင် ဓာတ်မတည့်မှုဖြစ်ပွားသော ကလေးငယ်များအား နေ့စဉ် နွားနို့တိုက်ကျွေးခြင်းဖြင့်လည်း ရောဂါသက်သာလျော့ပါးစေကြောင်း၊ ထိုသို့တိုက်ကျွေးရာတွင် မိခင်နို့ပြတ်သွားသော ကလေးငယ်များအတွက် အများဆုံး သီတင်း ၁၃ပတ်ခန့်သာ တိုက်ကျွေးသင့်ကြောင်း အကြံပြုထားသည်။

အကြံပြု

ကလေးငယ်များအား နို့တိုက်ကျွေးရာတွင် အဆီထုတ်ထားသော နို့များက ကျန်းမာရေးအတွက် ပိုမိုအထောက်အကူပြုစေကြောင်း၊ စနစ်တကျ ပုံမှန်တိုက်ကျွေးသွားပါက ရောဂါများ ခံနိုင်ရည်ရှိမည်ဖြစ်ကြောင်း ကနေဒါ သုတေသနပညာရှင်များက ဆက်လက် အကြံပြု ပြောကြားထားသည်။

တောင်အာရှဒေသနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

မွမ်ဘိုင်း ဇန်နဝါရီ ၁၈

အာရှတိုက်၏ တောင်အာရှဒေသရှိ နိုင်ငံအချို့တွင် ဇန်နဝါရီ ၁၈ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ် ရာသီဥတုခန့်မှန်းချက်များကို အင်တာနက်မှ ရယူဖော်ပြလိုက်ပါသည်-

အိန္ဒိယ

အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် ဇန်နဝါရီ၁၈ရက်က ပျမ်းမျှအပူချိန် ၂၄ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ နယူးဒေလီမြို့တွင် အပူချိန် ၂၃ဒီဂရီစင်တီဂရိတ်နှင့် မွမ်ဘိုင်းမြို့တွင် အပူချိန် ၂၃ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသများ၌ အပူချိန် ၂၀ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့ပြီး ညဘက် အအေးပိုခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အိန္ဒိယ ကမ်းလွန်ပင်လယ်ပြင်၌ လေပြင်းများတိုက်ခတ်ပြီး လှိုင်းကြီးနိုင်သည်။ အိန္ဒိယအရှေ့မြောက်ဒေသများ၌ အအေးပိုကာ ဆီးနှင်းများကျဆင်းနိုင်ကြောင်း ဖော်ပြသည်။

ပါကစ္စတန်

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဇန်နဝါရီ ၁၈ရက်က အပူချိန် ၂၅ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ တစ်နိုင်ငံလုံးအနေဖြင့် ပျမ်းမျှအပူချိန်မှာ ၂၄ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး ညပိုင်း အအေးပိုခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ပါကစ္စတန်နိုင်ငံတစ်ဝန်း အအေးပိုလာပြီး ကရာချိမြို့၌ အပူချိန် ၂၁ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းနိုင်ကြောင်း၊ မြောက်ဘက်မှ လေအေးများ တိုက်ခတ်ပြီး အချို့နေရာများ၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းနိုင်ကြောင်း ဖော်ပြထားသည်။

အာဖဂန်နစ္စတန်

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ ဇန်နဝါရီ ၁၈ရက်က အအေးပိုခဲ့သည်။ တစ်နိုင်ငံလုံးတွင် ပျမ်းမျှအပူချိန် ၂၂ဒီဂရီစင်တီဂရိတ်သာ ရှိခဲ့သည်။ မြို့တော်ကဘူးလ်တွင် နံနက်ပိုင်း ဆီးနှင်းများကျဆင်းခဲ့ပြီး အရှေ့ဘက်ဒေသများ၌ အအေးပိုခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကဘူးလ်မြို့အပါအဝင် နိုင်ငံတစ်ဝန်း အအေးပိုလာမည်ဖြစ်သည်။ အရှေ့မြောက်ဘက် လေအေးများ တစ်နာရီ မိုင်၂၀ခန့် တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း ဖော်ပြသည်။

သီရိလင်္ကာ

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ဇန်နဝါရီ ၁၈ရက်က အပူချိန် ၂၉ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ သို့သော် သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသတို့တွင် မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ သီရိလင်္ကာနိုင်ငံ အချို့ဒေသများ၌ မိုးရွာသွန်းနိုင်သည်။ သီရိလင်္ကာနိုင်ငံ တောင်ဘက်ဒေသများတွင်မူ နေ့အပူချိန် ၃၀ဒီဂရီစင်တီဂရိတ်အထိ ရှိနိုင်ကြောင်း ဖော်ပြထားသည်။

နီပေါ

နီပေါနိုင်ငံတစ်ဝန်း၌ ဇန်နဝါရီ ၁၈ရက်က ပျမ်းမျှအပူချိန် ၂၂ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ နိုင်ငံတစ်ဝန်း အအေးပိုခဲ့ပြီး နီပေါနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့၌ ဆီးနှင်းများကျဆင်းခဲ့သည်။ မြို့တော်ခတ္တမန္ဒူတွင် ဇန်နဝါရီ ၁၈ရက်က အပူချိန် ၂၁ဒီဂရီစင်တီဂရိတ် ရှိခဲ့ပြီး အချို့ဒေသများ၌ မိုးရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခတ္တမန္ဒူမြို့အပါအဝင် အချို့ဒေသများ၌ မိုးအနည်းငယ်ရွာနိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။ ॥ **(အင်တာနက်)**

ရုရှားရေတပ်အခြေစိုက်စခန်းများ ဆီးရီးယား၊လစ်ဗျားနှင့်ယီမင်တို့၌ဖွင့်မည်

မော်စကို ဇန်နဝါရီ ၁၈

ရုရှားနိုင်ငံအနေဖြင့် လစ်ဗျား၊ ဆီးရီးယားနှင့် ယီမင်နိုင်ငံများတွင် ရေတပ်စစ်အခြေစိုက်စခန်းများထားရှိရန် ဆုံးဖြတ်ထားကြောင်း ရုရှားစစ်ဘက်အရာရှိများက ဇန်နဝါရီ ၁၇ရက်၌ ထုတ်ဖော်ပြောကြားသည်။

အကောင်အထည်ပေါ်

အဆိုပါ နိုင်ငံများတွင် ရေတပ်စစ်အခြေစိုက်စခန်းများ ထားရှိမှုနှင့်ပတ်သက်ပြီး စတင်မည့်အချိန်ကာလကို အတိအကျပြောကြားရန် စောနေသေးကြောင်း၊ သို့သော် မကြာမီ အကောင်အထည်ပေါ်လာဖွယ်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

အပြီးသတ်ဆွေးနွေး

ရုရှားနိုင်ငံအနေဖြင့် စစ်အခြေစိုက်စခန်းများရရှိရန် အချို့သောနိုင်ငံများ၏ ဆိပ်ကမ်းအချို့ကို ထုတ်ဖော်ပြောကြားသည်။ ရေတပ်စခန်းတည်ဆောက်မှုနှင့် ပတ်သက်ပြီး အပြီးသတ်ဆွေးနွေးမှုများလည်း ပြုလုပ်လျက်ရှိသည်။

ခွင့်ပြုရန်စီစဉ်

ဆီးရီးယားနိုင်ငံက ရုရှားရေတပ်စခန်းဖွင့်လှစ်မှုကို လက်ခံထားပြီး တာတုစ်ဆိပ်ကမ်းကို ခွင့်ပြုရန်စီစဉ်ထားသည်။ ထို့အတူ လစ်ဗျားနိုင်ငံကလည်း ဘန်ဟာဇီဆိပ်ကမ်း၌ ခွင့်ပြုမည်ဖြစ်သည်။

(အင်တာနက်)

ပျက်စီး

အစ္စရေးတို့ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသရှိပျက်စီးသွားသော စာသင်ခန်းအတွင်းတစ်နေရာအား ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နှင်းလူပွဲတော်

ဂျပန်နိုင်ငံ တိုက်ကျိုမြို့တွင် သုံးရက်ကြာ ကျင်းပသည့် ကန်ဒါနှင်းလူပွဲတော်တွင် ကလေးငယ် တစ်ဦး လာရောက်ဆော့ကစားနေသည်ကို ဇန်နဝါရီ ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရုရှားမှ ဥရောပသို့ ဓာတ်ငွေ့ပို့လွှတ်မှု ပြန်လည်စတင်နိုင်တော့မည်ဟုဆို

မော်စကို ဇန်နဝါရီ ၁၈

ရုရှားနှင့်ယူကရိန်းနှစ်နိုင်ငံအနေဖြင့် ဓာတ်ငွေ့တင်ပို့မှု ပြဿနာအငြင်းပွားမှုများကို ဖြေရှင်းကာ ဓာတ်ငွေ့ပြန်လည်ပို့လွှတ်ပေးရေး သဘောတူညီမှု ရရှိတော့မည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားလိုက်သည်။

ပြောကြား

ယူကရိန်းဝန်ကြီးချုပ်နှင့် ဆွေးနွေးအပြီး မိမိတို့နှင့် ယူကရိန်းနိုင်ငံအနေဖြင့် နားလည်မှုများ ရရှိနေပြီဖြစ်ကာ အချိန်တိုအတွင်း ဓာတ်ငွေ့များ ပြန်လည်ပို့လွှတ်နိုင်လိမ့်မည်ဟု ပူတင်က ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြန်လည်စတင်

ယူကရိန်းနှင့် ရုရှားစွမ်းအင်ကုမ္ပဏီများအနေဖြင့် ဇန်နဝါရီ ၁၉ရက်ထက်နောက်မကျဘဲ သဘောတူလက်မှတ် ရေးထိုးမှုများ ပြုလုပ်ကြမည်ဖြစ်ကြောင်း၊ ယင်းလက်မှတ် ရေးထိုးမှုများပြီးစီးပြီး မကြာမီအချိန်အတွင်းမှာပင် ဓာတ်ငွေ့ပို့လွှတ်မှုကို ပြန်လည်စတင်မည်ဖြစ်ကြောင်းဖြင့် ယူကရိန်းဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

ရောင်းချ

အသစ်ထပ်မံချုပ်ဆိုမည့် စာချုပ်များအရ ရုရှားနိုင်ငံအနေဖြင့် ၂၀၀၉ခုနှစ်အတွင်း ယူကရိန်းသို့ ရောင်းချသည့် ဓာတ်ငွေ့များကို ဥရောပပေါက်ဈေးထက် ၂၀ရာခိုင်နှုန်း လျှော့ချပေးမည်ဖြစ်ကာ ၂၀၁၀ ခုနှစ်ရောက်မှသာ ပုံမှန်ဥရောပပေါက်ဈေးအတိုင်း ရောင်းချသွားမည်ဖြစ်သည်။

လျှော့ပေါ့ကောက်ခံ

ယူကရိန်းနိုင်ငံ အနေဖြင့်လည်း ယူကရိန်းမှတစ်ဆင့် ရုရှားမှဥရောပနိုင်ငံများသို့ ဓာတ်ငွေ့များ ပို့လွှတ်ခကိုလည်း အထူးအစီအစဉ်တစ်ရပ်အနေဖြင့် လျှော့ပေါ့ကောက်ခံသွားမည်ဖြစ်သည်။

ပို့လွှတ်ပေး

ရုရှားမှ ဥရောပနိုင်ငံများသို့ ဓာတ်ငွေ့ထုတ်လွှတ်လျက်ရှိသည့် ပိုက်လိုင်း၈၀ ရာခိုင်နှုန်းမှာ ယူကရိန်းနိုင်ငံအတွင်း ဖြတ်သန်းသွားကြောင်း သိရသည်။ **(အင်တာနက်)**

ဘားရက်အိုဘားမား ခြိမ်းခြောက်စာပေးပို့ခံရ သံသယရှိသူ အမျိုးသားတစ်ဦးအားဖမ်းဆီးထား

ဝါရှင်တန် ဇန်နဝါရီ ၁၈

ယူအက်ဖ်အိုနှင့် ဂြိုဟ်သားများအမည်ရှိ အင်တာနက်ဝက်ဘ်ဆိုက်မှ တစ်ဆင့်ဖော်ပြထားသော အချက်အလက်များကို အခြေခံ၍ အမေရိကန်အရွေးချယ်ခံ သမ္မတ အိုဘားမားအား သတ်ရန်ခြိမ်းခြောက်ခဲ့သည်ဟု သံသယရှိသူ အမေရိကန်လူမျိုး တစ်ဦးအား သက်ဆိုင်ရာ အာဏာပိုင်များက ဇန်နဝါရီ ၁၆ရက်တွင် ဖမ်းဆီးနိုင်ခဲ့သည်ဟု တရားရေးဌာနက ပြောကြားခဲ့သည်။

စီစဉ်

စတီပင် ဂျိုးဇက်ခရစ္စတိုဖာအမည်ရှိ အဆိုပါအမျိုးသားသည် ခြိမ်းခြောက်စာ သုံးကြိမ်ပို့ကာ ဝါရှင်တန်ရှိ အရွေးချယ်ခံ သမ္မတ အိုဘားမားအား လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ခဲ့ကြောင်း တရားရေးဌာနက ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ဟတ်ဆန်မြစ်အတွင်း အရေးပေါ် ဆင်းသက်ခဲ့ရသည့် လေယာဉ်အား ပြန်လည်ဆယ်ယူလျက်ရှိသည်ကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(သတင်းဖော်ပြပြီး)

(အင်တာနက်ဓာတ်ပုံ)

ထိုင်း ပြည်နယ်၁၄ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ တစ်ကျော့ပြန်လာနိုင်

ဗန်ကောက် ဇန်နဝါရီ ၁၈

ထိုင်းနိုင်ငံ ပြည်နယ်၁၄ခုတွင် ကြက်ငှက်တုပ်ကွေးရောဂါ တစ်ကျော့ပြန်ဖြစ်နိုင်သည့်အလားအလာရှိကြောင်း ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၆ ရက်တွင် သတင်းထုတ်ပြန်ကြေညာသည်။

ရာသီဥတုအေးခြင်းက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ရန် အခြေအနေ ဖန်တီးလျက်ရှိသည်ဟုလည်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာပိုင်ဂျစ် ဝါရာချစ်က ပြောကြားသည်။

အမ်အင်နီအေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၂၂၇ဦး ရှိပြီ

ဝါရှင်တန် ဇန်နဝါရီ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် ဇန်နဝါရီ ၁၆ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုမှ ရရှိသော ဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

၂၀၀၃ခုနှစ် မတ်လမှစတင်၍ အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်များ စတင်ဝင်ရောက် ကျူးကျော်ချိန်မှစ၍ အီရတ်နိုင်ငံအတွင်း၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ယခုသေဆုံးသည့် တပ်ဖွဲ့ဝင်အပါအဝင် ၄၂၂၇ဦး ရှိသွားပြီဖြစ်သည်။

ယင်းသေဆုံးမှုများတွင် အရပ်သားတပ်ဖွဲ့ဝင် ရှစ်ဦးပါဝင်ကြောင်း၊ တပ်ဖွဲ့ဝင် ၃၄၀၄ဦးမှာ တိုက်ပွဲများအတွင်း သေဆုံးခဲ့ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်ချက်၌ ပါရှိသည်။

သေဆုံး

ဇန်နဝါရီ ၁၆ရက်အထိ အီရတ်နိုင်ငံ၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၈ဦး၊ အီတလီတပ်ဖွဲ့ဝင် ၃၃ဦး၊ယူကရိန်းတပ်ဖွဲ့ဝင်၁၈ဦး၊ ပိုလန်တပ်ဖွဲ့ဝင် ၂၁ဦး၊ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၁၃ဦး၊ စပိန်တပ်ဖွဲ့ဝင် ၁၁ဦး၊ ဒိန်းမတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ ဆလိုဗက်ကီးယားတပ်ဖွဲ့ဝင် ငါးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာတပ်ဖွဲ့ဝင် သုံးဦးစီ၊ အက်စ်တိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားတပ်ဖွဲ့ဝင် နှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင် တစ်ဦးစီ သေဆုံးခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

ဇင်ဘာဘွေ ဗဟိုဘဏ်မှ ငွေစက္ကူသစ်များထုတ်ဝေ

ဟာရာရေး ဇန်နဝါရီ ၁၈

ဇင်ဘာဘွေ ဗဟိုဘဏ် (အာရ်ဘီဇက်) က ၁၀၀ ထရီလီယံ၊ ၅၀ ထရီလီယံ၊ ၂၀ ထရီလီယံနှင့် ၁၀ထရီလီယံတန် ဇင်ဘာဘွေ ဒေါ်လာများကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ ၁၀ထရီလီယံတန် ဒေါ်လာငွေ စက္ကူကို ဇန်နဝါရီ ၁၆ရက်က စတင်သုံးစွဲခဲ့ပြီး ကျန်ငွေစက္ကူကိုမူ တဖြည်းဖြည်း သုံးစွဲသွားမည်ဖြစ်ကြောင်း ဒေးလီးစ်သတင်းစာက ဖော်ပြသည်။

ယခုကဲ့သို့ ထုတ်ဝေသော ငွေစက္ကူသစ်များသည် ဝန်ထမ်းများနှင့် အလုပ်သမားများအနေဖြင့် ငွေထုတ်ယူရာတွင် အများအပြားကိုင်တွယ်ရသည့် ကသီလင်တဖြစ်မှုကို ပြေလည်စေမည်ဟု ဇင်ဘာဘွေဘဏ်က ပြောကြားခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အာကာသသိပ္ပံ

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စူးစမ်းလေ့လာရန် ဂျပန်က အီဘူကီဂြိုဟ်တု မကြာမီလွှတ်တင်မည်

တိုကျို ဇန်နဝါရီ ၁၇

ဂျပန်နိုင်ငံက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဂြိုဟ်တုတစ်လုံးကို လာမည့် ဇန်နဝါရီ ၂၁ရက်တွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ၁၄ရက်က ထုတ်ဖော်ကြေညာသည်။

စီစဉ်ထား

အဆိုပါ ဂြိုဟ်တုကို အီဘူကီဟု အမည်ပေးထားပြီး ဂျပန်နိုင်ငံ တာနေဂါရှီမာကျွန်းရှိ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဇန်နဝါရီ ၂၁ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

သယ်ဆောင်သွား

ဂျပန် အာကာသသုတေသနဌာန (ဂျာဆာ)အနေဖြင့် အီဘူကီဂြိုဟ်တုကို ဒေသဆိုင်ရာ ရာသီဥတုပြောင်းလဲမှု အနေအထားအား အချိန်နှင့်အမျှသိရှိနိုင်ရန် လွှတ်တင်ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုသည် ဂြိုဟ်တုငယ်ခုနစ်လုံးကို သယ်ဆောင်သွားမည်ဖြစ်ပြီး ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်ရေးရာနှင့် ဖန်လုံအိမ်အာနိသင် ထုတ်လွှတ်မှုများကို လေ့လာကာ သတင်းအချက်အလက်နှင့် ဓာတ်ပုံများအား မြေပြင်စခန်းသို့ ပေးပို့သွားမည်။

(အင်တာနက်)

အင်တာနက်ကျန်းမာရေး

ပြေးစက်များပေါ်၌ တစ်နေ့ခြောက်မိနစ် လေ့ကျင့်လျှင် ခြေထောက်သွေးကြောပိတ်ဆို့မှု လျော့နည်းနိုင်ဟုဆို

ပြေးအားကြောင့် လည်ပတ်စေသည့် ပြေးစက်ပေါ်တွင် တစ်နေ့လျှင် ခြောက်မိနစ်ခန့် အပြေးလေ့ကျင့်ပေးပါက ခြေထောက်သွေးလွှတ်ကြောပိတ်ဆို့မှုကို လျော့နည်းကျဆင်းစေကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြထားသည်။

မဖြစ်ပွား

ပြေးစက်များနှင့် အပြေးလေ့ကျင့်သည့် အမျိုးသား၊ အမျိုးသမီး ၁၅၆ ဦးကို သုတေသနပြုလေ့လာခဲ့ရာ ၄င်းတို့သည် ခြေထောက်သွေးကြောပိတ်ဆို့ရောဂါ မဖြစ်ပွားကြောင်း ၄င်းတို့က ပြောကြားသည်။

အထောက်အကူဖြစ်

ပြေးစက်ပေါ်တွင် ခြောက်မိနစ်ခန့် အပြေးလေ့ကျင့်ပါက ပုံမှန်လမ်းလျှောက်ခြင်းထက် ခရီးအကွာအဝေး ဖြပေခန့် လမ်းပိုလျှောက်ခြင်းဖြစ်ရာ ခန္ဓာကိုယ်တွင်း သွေးလည်ပတ်စီးဆင်းမှုကို ပို၍ အထောက်အကူဖြစ်စေကြောင်း သိရသည်။

အပြေးလေ့ကျင့်သင့်

ထို့ကြောင့် သွေးကြောပိတ်ဆို့မှု မဖြစ်ပွားရန် နေ့စဉ်ပုံမှန်လမ်းမလျှောက် နိုင်ပါက ပြေးစက်များပေါ်၌ အနည်းဆုံးတစ်နေ့ ခြောက်မိနစ်ခန့် အပြေးလေ့ကျင့်သင့်ကြောင်း အကြံပြုထားသည်။

ရုတ်တရက် နှုတ်မဆက်ဘဲ ခွဲခွာခဲ့ရခြင်း၏နောက်ဝယ်....

နိုင်ငံတကာမှခြင်း

ဗြိတိန်နိုင်ငံ၏ မြို့တော်ဖြစ်သည့် လန်ဒန်မြို့သည် ကမ္ဘာပေါ်တွင် ပညာရေးအရလည်းကောင်း၊ စီးပွားရေးလုပ်ငန်းအရလည်းကောင်း၊ ဘဝတက်လမ်းရှာလိုသူများအတွက်လည်းကောင်း အစစအရာရာအဆင်ပြေသည့် မြို့ကြီးများအနက် တစ်မြို့အပါအဝင်ဖြစ်သည်။ ထို့ကြောင့်လည်း မြို့ခံနေထိုင်ကြသူများအပြင် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပြည်ပတိုင်းပြည်များမှ လာရောက်အခြေချနေထိုင်သူများ ရှိနေခြင်းဖြစ်သည်။

လိမ္မာရေးခြားရှိ

လန်ဒန်မြို့တွင် ၂၀၀၈ခုနှစ် ဩဂုတ်လက မိသားစုတစ်စုတွင် ရင်နင့်ကြေကွဲဖွယ်ရာ ယူကျုံးမရ ဝမ်းနည်းစရာဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ အသက်(၁၇)နှစ်အရွယ် လူငယ်တစ်ဦးလည်ပင်းတွင် ဓားဖြင့်အထိုးခံရသဖြင့် ပွဲချင်းပြီးသေဆုံးသွားခဲ့သည့် ဖြစ်ရပ်ပင်ဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ၄င်း၏မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းများမှာ ယနေ့တိုင် နှမြောတသ ဝမ်းနည်းပူဆွေးကြရဆဲပင်ဖြစ်သည်။ အကြောင်းမှာ သေဆုံးသွားခဲ့သည့် ရစ်ချတ်မတ်ဒီ **(အပေါ်ဝဲစွန်)** သည် အမြဲနှမြောတသစရာကောင်းလောက်အောင်ပင် မိဘဆွေမျိုး ညီအစ်ကိုမောင်နှမများအပေါ် သိတတ်လိမ္မာရေးခြားရှိသော လူငယ်တစ်ဦးဖြစ်နေသောကြောင့် ဖြစ်သည်။

နေထိုင်

ရစ်ချတ်မတ်ဒီအမည်ရှိ လူငယ်သည် လန်ဒန်မြို့ တောင်ပိုင်းခရိုင် ဒွန်အရပ်တွင် နေထိုင်သည်။ မတ်ဒီ၏ မိဘများသည် ၄င်းတို့နေထိုင်ရာ ယင်းအရပ်၌ စားသောက်ဆိုင်ကြီးတစ်ဆိုင် ဖွင့်လှစ်ရောင်းချကာ စီးပွားဖြစ်နေကြသူများဖြစ်သည်။ မတ်ဒီတို့မိသားစုသည် သီရိလင်္ကာနွယ်ဖွား ဗြိတိန်နိုင်ငံသားများ ဖြစ်ကြသည်။ မတ်ဒီသည် အသက် ၁၇နှစ် အရွယ်ရှိပြီး ၄င်းတွင် စင်သီယာအမည်ရှိ အသက် ၁၈နှစ်အရွယ် အစ်မတစ်ဦးရှိသည်။

အပေးအယူ

မတ်ဒီတွင် အစ်မတစ်ဦးအပြင် အစ်မတစ်ဝမ်းကွဲလေးဦးနှင့် ညီတစ်ဝမ်းကွဲတစ်ဦးလည်းရှိသေးသည်။ သူတို့ညီအစ်ကိုမောင်နှမများသည် တစ်ဝမ်းကွဲများပင်ဖြစ်ကြသော်လည်း တစ်အူထုံ့ဆင်း မောင်နှမအရင်းများသဖွယ် ချစ်ခင်ကြင်နာကာ စည်းလုံးကြသူများဖြစ်သည်။ မတ်ဒီသည် ညီအစ်ကိုမောင်နှမများအလယ်တွင် ငယ်ရွယ်သော်လည်း မိဘများ၊ ဆွေမျိုးများနှင့် အစ်မများ၏ဆိုဆုံးမစကား၊ ပြောစကားများကို မြေဝယ်မကျ နားထောင်သူဖြစ်သဖြင့် အားလုံးက အရေးပေးချစ်ခင်မှုကို ခံရသည်။

အစွမ်းကုန်ကူညီ

မတ်ဒီသည် တက္ကသိုလ်ဝင်တန်းအောင်ပြီးနောက် တက္ကသိုလ်ပညာဆက်လက်ဆည်းပူးရင်း မိဘများ၏စားသောက်ဆိုင်ကြီးတွင် ဝိုင်းဝန်းကူညီလုပ်ကိုင်နေသူ ဖြစ်သည်။ မိဘများသည် လိမ္မာရေးခြားရှိသည့် မတ်ဒီအား ချစ်ခင်အလိုလိုက်ကြသည်။ သို့သော်လည်း မတ်ဒီသည် မိဘများအပေါ် ဆိုးသွမ်းခြင်း၊ အခွင့်အရေးယူခြင်းမလုပ်ဘဲ ပညာရေးတွင် တစိုက်မတ်မတ် ကြိုးစားကာ တစ်ဖက်တစ်လမ်းကလည်း မိဘများ၏ စီးပွားရေးကို ကူညီပေးနေသူ ဖြစ်သည်။

တွေ့ကြုံခဲ့ရ

မတ်ဒီသည် ပြီးခဲ့သည့် ၂၀၀၈ခုနှစ် ဩဂုတ်လ ၁၇ရက်က မိတ်ဆွေသူငယ်ချင်းများနှင့်အတူ ကားဖြင့်လျှောက်လည်ရာမှ အပြန်တွင် အသက်ဆုံးပါးသည်အထိ ပေးဆပ်ပြီး ကမ္ဘာလောကကြီးကို တစ်သက်တာကျောခိုင်းခွဲခွာခဲ့ရသော ဖြစ်ရပ်နှင့်တွေ့ကြုံခဲ့ရသည်။

ပြန်လာခဲ့

မတ်ဒီသည် မိတ်ဆွေများနှင့်လည်ပတ်ရာမှအပြန် မီးပွိုင့်တစ်ခုတွင် ၄င်း၏သူငယ်ချင်းများနှင့်အငှားကားယာဉ်မောင်းတစ်ဦးတို့ ရန်ဖြစ်ခဲ့ကြသည်။ အရက်မူးနေသော လူလတ်ပိုင်းအမျိုးသားအား ၄င်း၏သူငယ်ချင်းများက ဝိုင်းဝန်းထိုးကြိတ်ကြသဖြင့် မတ်ဒီက ဖျန်ဖြေကာ သူ၏စားသောက်ဆိုင်သို့ ပြန်လာခဲ့သည်။

ထွက်ပြေး

ထိုအချိန်တွင် မတ်ဒီ၏ သူငယ်ချင်းများက ထိုးကြိတ်ခဲ့သော အငှားကားယာဉ်မောင်းသည် မတ်ဒီ၏ဆိုင်ရှေ့သို့ သူ၏ကားဖြင့်လိုက်လာကာ အပြင်မှ ပြန်လာပြီး ဆိုင်ရှေ့သို့ ပြန်ရောက်ရုံသာရှိသေးသော မတ်ဒီ၏လည်ပင်းအား ရုတ်တရက် ဓားဖြင့် အားကုန်ထိုးစိုက်လိုက်တော့သည်။ မတ်ဒီမှာ မည်သို့မျှကာကွယ်ချိန်မရလိုက်ဘဲ နေရာတွင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ မတ်ဒီအား ဓားဖြင့်ထိုးသူမှာ ဓားဖြင့်ထိုးပြီးပြီးချင်း ကားဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

> **ယခုဖြစ်ရပ်တွင် လူလတ်ပိုင်း လူရွယ်မှာ ဒေါသကို ချွန်းဖွင့်ခဲ့မှုကြောင့် ထောင်နန်းစံရမည်ဖြစ်သကဲ့သို့ ၄င်း၏ ဒေါသအမှားကြောင့် ဘဝရှေ့ရေးအတွက် ကြိုးစားကာ အညွန့်တလူလူတက်နေသော လူငယ်ဖြစ်သည့် ရစ်ချတ်မတ်ဒီမှာ မိဘဆွေမျိုးနှင့် ညီအစ်ကို မောင်နှမများအား နှုတ်မဆက်ဘဲ ရုတ်တရက် ခွဲခွာသွားခဲ့ရ။**

အယောက် ၅၀မြောက်

မတ်ဒီ၏မိဘများမှာ တစ်ဦးတည်းသောသားလေး ရစ်ချတ်မတ်ဒီအတွက် ယူကျုံးမရ ဝမ်းနည်းပက်လက်ဖြစ်ခဲ့ကြရသည်။ မတ်ဒီသည် ၂၀၀၇ခုနှစ်ကတည်းက လန်ဒန်မြို့တွင် လူငယ်အုပ်စုများအတွင်း အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် သေဆုံးခဲ့ရသည့် အယောက် ၅၀မြောက် လူငယ်ဖြစ်သည်။ မတ်ဒီအား ဓားဖြင့်ထိုးခဲ့သော အသက်(၃၀) အရွယ်ရှိပြီး လန်ဒန်မြို့တောင်ပိုင်း ဆိုင်ဒင်ဟမ်အရပ်တွင် နေထိုင်သော လူတစ်ဦးကို ၂၀၀၈ခုနှစ် ဩဂုတ် ၁၉ရက်က ဖမ်းဆီးတရားစွဲဆိုခဲ့ပြီး ယနေ့တိုင် အမှုစစ်ဆေးနေဆဲ ဖြစ်သည်။

ယခုဖြစ်ရပ်တွင် လူလတ်ပိုင်းလူရွယ်မှာ ဒေါသကိုချွန်းဖွင့်ခဲ့မှုကြောင့် ထောင်နန်းစံရမည်ဖြစ်သကဲ့သို့ ၄င်း၏ဒေါသအမှားကြောင့် ဘဝရှေ့ရေးအတွက် ကြိုးစားကာ အညွန့်တလူလူတက်နေသော လူငယ်ဖြစ်သည့် ရစ်ချတ်မတ်ဒီမှာ မိဘဆွေမျိုးနှင့် ညီအစ်ကိုမောင်နှမများအား နှုတ်မဆက်ဘဲ ရုတ်တရက်ခွဲခွာသွားခဲ့ရသည့် ရင်နင့်ဖွယ်ရာအဖြစ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဇီဝသိပ္ပံ

ဦးခေါင်းနှစ်လုံးဖြင့် ထူးခြားသော ငါး

ကွင်းစလန်ဒေသရှိ ငါးမွေးကန်တစ်ကန်၌ ထူးထူးခြားခြား ဦးခေါင်းနှစ်လုံးနှင့် ငါးတစ်ကောင်ကို တွေ့ရှိခဲ့ရပြီးနောက် မည်သည့်အတွက်ကြောင့် ဦးခေါင်းနှစ်လုံးပါရှိသည်ကို သုတေသနပညာရှင်များက လေ့လာလျက်ရှိသည်။

ပုံမှန်မဟုတ်သောငါး

အဆိုပါ ဦးခေါင်းနှစ်လုံးနှင့် ငါးကို ကွင်းစလန်ဒေသ နိုဆာမြစ်ကမ်းရှိ ငါးမွေးကန်၌ တွေ့ရှိရခြင်းဖြစ်ရာ ယင်းမြစ်ရေမှာ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ ပျော်ဝင်နေကြောင်း တွေ့ရှိရသဖြင့် ယခုကဲ့သို့ ပုံမှန်မဟုတ်သော ငါးမျိုးဖြစ်လာရခြင်းဟု ၄င်းတို့က သုံးသပ်လျက်ရှိသည်။

ပြောဆိုနိုင်မည်

ထို့အပြင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝမဟုတ်သော ငါးမွေးကန်အတွင်း ပေါက်ဖွားရခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ သို့သော်လည်း သေချာသော အထောက်အထားရှိမှသာ အတိအကျ ပြောဆိုနိုင်မည်ဖြစ်ကြောင်း ကွင်းစလန်မှ သုတေသနပညာရှင် ပေါလ်လူကပ်စ်က ပြောကြားသည်။

ငါးမျိုးပေါက်ဖွား

ဩစတြေးလျသုတေသနပညာရှင် မက်လန်ဒိုက ရေအတွင်းဓာတုပစ္စည်းများ ပျော်ဝင်နေမှု၏ အကျိုးဆက်ကြောင့် ယခုကဲ့သို့ ပုံမှန်မဟုတ်သော ငါးမျိုးပေါက်ဖွားလာရခြင်းအချက်မှာ ဖြစ်နိုင်ကြောင်း ပြောကြားသည်။



နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ညောင်ရွှေမြို့နယ်တွင် သုတရွှေပြည်နှင့် ပြည့်စုံစာကြည့်တိုက်ဖွင့်

တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်ဖွင့်လှစ်ပေး

တောင်ကြီး ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် နန်းသီတာကျေးရွာ သုတရွှေပြည် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံ ရန်ပုံငွေနှင့် စာအုပ်စာစောင်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့်က သုတရွှေပြည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ရေဒီယိုကက်ဆက်တစ်လုံးပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်လေးက လက်ခံယူသည်။

လှူဒါန်း

ဆက်လက်၍စာကြည့်တိုက်အဆောက်အအုံ စာရွက်စာတမ်းများကိုလည်းကောင်း၊ ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စာအုပ်စာစောင် ၁၅၀၊ ကျေးရွာပြည်သူများမှစုပေါင်း၍ စာအုပ်စာစောင် ၂၀၀၊ စာကြည့်တိုက်ရန်ပုံငွေအဖြစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များက အလှူငွေကျပ် ၅၀၀၀၀၊ ကျေးရွာ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၄၂၀၀၀၊ ဦးထွန်းခင်၊ ဒေါ်ရွှေမိမိသားစုက အလှူငွေကျပ် ၁၀၀၀၀၊ ဒေါ်တင်စိန်(ဖြူညို) အုတ်စက်မိသားစုက အလှူငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှု ကော်မတီဝင်များက လက်ခံယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်သုတရွှေပြည်စာကြည့်တိုက်အဆောက်အအုံကို တိုင်းမှူးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့သည် ညောင်ရွှေမြို့နယ် တိလောကျေးရွာ ပြည့်စုံကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ရောက်ရှိကြပြီး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တက်ရောက်ကြသည်။ ရှေးဦးစွာ ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍စာကြည့်တိုက်အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများ၊ ရန်ပုံငွေ၊ စာအုပ်စာစောင်များနှင့် တီဗွီများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက ပြည့်စုံ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းပေါ်က လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက် အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းခင်ထံသို့လည်းကောင်း၊ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စာအုပ် ၁၅၀၊ ကျေးရွာပြည်သူများစုပေါင်း၍ စာအုပ်စာစောင်၂၅၀၊ စာကြည့်တိုက် ရန်ပုံငွေအဖြစ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များက အလှူငွေကျပ် ၅၀၀၀၀၊ ငါးလုပ်ငန်းရှင်များအသင်းက အလှူငွေကျပ် ၅၀၀၀၀၊ သကြားစက်နှင့် ကြံလုပ်ငန်းရှင်အသင်းများက အလှူငွေကျပ် ၅၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလင်းထွဋ်က အလှူငွေကျပ် ၃၀၀၀၀၊ ကျေးရွာအလှူရှင်များက အလှူငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှု ကော်မတီဝင်များက လက်ခံယူကြသည်။

ပြည့်စုံစာကြည့်တိုက်

ထို့နောက်တိုင်းမှူးက ပြည့်စုံကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ပြည်နယ် ပြန်/ဆက်)**

(၆၂) နှစ်မြောက် ပြည်ထောင်စုနေ့

အမျိုးသားရေး ဦးတည်ချက် (၅) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ကရင်ပြည်နယ် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲကျင်းပ

ဘားအံ ဇန်နဝါရီ ၁၈

ကရင်ပြည်နယ်ပညာရေးဌာနက ကြီးမှူးကျင်းပသည့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကရင်ပြည်နယ် ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၁၀နာရီက ဘားအံမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားပြီး **(အောက်ဝဲပုံ)** ကရင်ပြည်နယ်ပညာရေးမှူး ဦးအန်းကူက ဆုချီးမြှင့်ရေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းအောင်ချက်အကောင်းဆုံး (ပ+ဒ+တ)ဆုရရှိသော ကျောင်းများ၊ ဂုဏ်ထူးငါးဘာသာ၊ ဂုဏ်ထူးလေးဘာသာ၊ ဂုဏ်ထူးသုံးဘာသာရရှိသော ကျောင်းသား ကျောင်းသူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဗဟိုအဆင့်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံနှင့်နိုင်ငံတကာဆက်ဆံရေး ထုံးခလေ့ပြိုင်ပွဲဆုရရှိသူနှင့် အထက(၃)မှ ကျောင်းဝင်း စိမ်းလန်းစိုပြည်ရေး ဆုရရှိသော ကျောင်းတို့အား ဆုများချီးမြှင့်ပေးအပ်သည်။ **(ပြည်နယ် ပြန်/ဆက်)**

အီလက်ထရွန်နစ်ပစ္စည်းများ အရောင်းမြှင့်တင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ပြည့်စုံဝင်းနိုင် ကုမ္ပဏီလီမိတက်က တင်သွင်းဖြန့်ဖြူးရောင်းချသော Sakura နှင့် Orchid အီလက်ထရွန်နစ်ပစ္စည်းများ အရောင်းမြှင့်တင်ပွဲနှင့် ညစာစားပွဲကို ဇန်နဝါရီ ၁၅ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြည့်စုံဝင်းနိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းနိုင်ဇော်က အမှာစကားပြောကြားသည်။ (ယာပုံ)

တည်ခင်းဧည့်ခံ

ယင်းနောက် ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့် ဒါရိုက်တာများက အရောင်းကိုယ်စားလှယ်ကြီးများအား နိုင်ငံခြားခရီးစဉ် ရွေးချယ်ပေးခြင်းနှင့် ဆုမဲများကို ချီးမြှင့်ကြပြီး တက်ရောက်လာကြသူများအား ကံစမ်းမဲများဖောက်ပေးကာ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ပြည့်စုံဝင်းနိုင် ကုမ္ပဏီလီမိတက်က Panasonic အမှတ်တံဆိပ် လေအေးပေးစက်များ၊ အဝတ်လျှော်စက်များ၊ ရေခဲသေတ္တာများ၊ Sakura အမှတ်တံဆိပ် လေအေးပေးစက်များ၊ TV, DVD ၊ ရေဒီယိုများနှင့် Orchid အမှတ်တံဆိပ် TV, DVD နှင့်ရေဒီယိုများကို တင်သွင်းဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး အရောင်းမြှင့်တင်မှုအနေဖြင့် ဇန်နဝါရီ၁၅ရက်မှ မတ် ၃၁ရက်အထိ ဝယ်ယူအားပေးသူများအား ရေဒီယိုအလုံး ၅၀၊ 29" Flat Orchid TV ၁၀ လုံးနှင့် လိုင်စင်ပါ ဆိုင်ကယ် ၁၀ စီးကို ကံစမ်းပေးသွားမည်ဖြစ်သည်။

ဖွင့်လှစ်ထား

ထို့အပြင် TV များကို သုံးနှစ် အာမခံ၊ DVDများကိုတစ်နှစ်အာမခံဖြင့် Services Centre များကို တစ်နိုင်ငံလုံးရှိ မြို့ကြီးများ၌ ဖွင့်လှစ်ပေးထားသည်။

TV များကို နိုင်ငံတကာအဆင့်မီ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားပြီး TV Tube များကို LG Tube, Samsung Tube များဖြင့် ထုတ်လုပ်ထားသည်။ TV အတွင်းပိုင်း စက်ပစ္စည်းများကိုလည်း Philip, Sanyo နည်းပညာပိုင်းဖြင့် အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်ထားပြီး လျှပ်စစ်မီး အတက်အကျခံနိုင်ရန်လည်း အရည်အသွေးပြည့်မီသော စက်အစိတ်အပိုင်းများကို အသုံးပြုထားသည်။ DVD များကိုမူ နိုင်ငံတကာအဆင့်မီ Sony Lens များကို သုံးထားပြီး 5.1 Channel အပြည့် အသုံးပြုနိုင်သည်။ အခွေမရွေး ဖတ်ပြီး EVD System ပါရှိ၍ သုံးစွဲသူများ အကြိုက် Function အစုံအလင်ဖြင့် ဒီဇိုင်းပုံစံ သေသပ်လှပခိုင်ခံ့စွာ ထုတ်လုပ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ကျောင်းကုန်း၌ စာပေဟောပြော

ကျောင်းကုန်း ဇန်နဝါရီ ၁၈

၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲနှင့် ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၇နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့မမိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးတို့တွင် ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌဦးဉာဏ်လှိုင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြပြီး စာရေးဆရာ မြတ်ခိုင်၊ မောင်ခိုင်ခန့်နှင့် စာရေးဆရာမ ပုညခင်တို့က စာပေရေးရာများ ဟောပြောကြသည်။ **(၁၅၄)**

အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

နေပြည်တော်ပျဉ်းမနား၌ စာပေဟောပြော

နေပြည်တော်ပျဉ်းမနား စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကြီးမှူး၍ ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ပေါင်းလောင်းမော်ကွန်းဂုဏ်ပြုလွှာ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ရက် ညဖနာရီက ရဲရင့်ရုပ်ရှင်ရုံ၌ ကျင်းပရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး စာရေးဆရာ ခင်မောင်ညို (ဘောဂဗေဒ)၊ ထက်ခေါင်နှင့် စာရေးဆရာမ ယဉ်မင်းဦး(ဆေးတက္ကသိုလ်) တို့က စာပေရေးရာများ ဟောပြောကြသည်။ **(ဝ၈၄)**

တနိုင်းမြို့နယ်စည်ပင်ရုံးသစ် ဆောက်လုပ်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအေးချိုနှင့်အဖွဲ့သည် ဇန်နဝါရီ ၇ရက်က တနိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသစ် တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အမြန်ပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။
(မြို့နယ် ပြန်/ဆက်)

ချောက်မြို့ အထက(၁)၌ အာစရိယပူဇော်

ချောက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက် နံနက် ၉နာရီက အဆိုပါကျောင်း မြရိပ်ညိုခန်းမ၌ ကျင်းပရာ အငြိမ်းစားဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ပြီး အလှူငွေများလှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ခန္တီး၌ စာကြည့်တိုက်ခိုင်မာရေး အလုပ်ရုံဆွေးနွေး

ဟုမ္မလင်းမြို့နယ် နောင်ခမ်းကျေးရွာ ရပ်ကွက်ရုံးခန်းမ၌ ဒီဇင်ဘာ ၂၈ရက် မွန်းတည့် ၁၂နာရီက ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေးအလုပ်ရုံ ဆွေးနွေးပွဲကျင်းပရာ ခရိုင်ပြန်/ဆက်ဆံရေးဦးစီးမှူး ဦးမြင့်သိန်းစိုးက ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သတ်မှတ်စံ(၅)ရပ်နှင့်အညီ အလေးထား ဆောင်ရွက်သွားကြရန် ရှင်းလင်း မှာကြားသည်။ *(ခရိုင် ပြန်/ဆက်)*

ဝက်လက် အထက၌ အာစရိယပူဇော်ပွဲ ကျင်းပ

ရွှေဘိုခရိုင် ဝက်လက် အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီက အထကခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နွားထိုးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

နွားထိုးကြီးမြို့ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးသတ်ရေလှောင်ကန်များ အခြေအနေကို ဒီဇင်ဘာ၂၅ရက် မွန်းလွဲပိုင်းက နွားထိုးကြီးမီးသတ်စခန်းမှူး ဦးဆာရီမန်း၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ခွဲမှူး ဦးတင်ထွန်းနှင့်အဖွဲ့သည် မြို့ပေါ်(၈)ရပ်ကွက် အတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ *(ဝ၉၂)*

မြစ်သားမြို့၌ သမဝါယမ အရပ်ရပ်ဆိုင်ရာစည်းဝေး

မန္တလေးတိုင်း မြစ်သားမြို့နယ် ခန္တောလယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ၂၈ရက် နံနက်က ခန္တောကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပညာအလင်းရောင်ဆောင်၌ ကျင်းပရာ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးအောင်သင်း၊ အသင်းဥက္ကဋ္ဌဦးမှုန်နှင့် အမှုဆောင်များ၊ အသင်းဝင်များ တက်ရောက်ကြပြီး အသင်းဥက္ကဋ္ဌနှင့် ဦးစီးအရာရှိတို့က အမှာစကားပြောကြားသည်။ **(ဝ၉၀)**

ထီးချိုင့်မြို့၌ ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်

ကသာခရိုင် ထီးချိုင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးပြီး ကာယအလှမယ်၊ ဝတ်စားဆင်ယင်မှု၊ ကာရာအိုကေသီချင်းသီဆိုပြိုင်ပွဲများကို ဒီဇင်ဘာ ၂၆ရက်ညမှ ၂၈ရက်ညအထိ ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက် အောင်ဇေယျာဇာတ်ရုံကြီးတွင် ကျင်းပပြီး ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် ည၉နာရီ၌ အဆိုပါ ဇာတ်ရုံကြီး၌ကျင်းပကာ ဆုရရှိသူများအား ကသာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ကြသည်။ *(မြို့နယ် ပြန်/ဆက်)*

မြစ်ငယ်ရထားဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများချီးမြှင့်

အမရပူရမြို့နယ် မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁ရက် မွန်းလွဲ ၁နာရီက တွဲသစ်တည်ဆောက်စက်ရုံတွင် ကျင်းပရာ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက ချီးမြှင့်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းရာ မြန်မာ့မီးရထားဌာနခွဲပေါင်းစုံ အားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြသည်။ **(ဝ၈၀)**

ကွန်ဟိန်း၌ မူကြိုကလေးများ ကဗျာရွတ်ပြိုင်ပွဲဆုပေးအပ်

ကွန်ဟိန်းမြို့နယ် နမ့်ပန်ခန်းမ၌ ဇန်နဝါရီ ၄ရက် နံနက်က လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မူကြိုကလေးများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရာ ဆုရရှိသည့် ကလေးများအား မူကြိုကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်ရီနှင့် ကျောင်းသားမိဘများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ *(မြို့နယ် ပြန်/ဆက်)*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ရွှေကျင်မြို့နယ် မြို့မပွဲကုန်းရပ်ရှိ တောင်သူဦးစိုးတင့်၏ မြေပဲစိုက်ခင်းတွင် နမူနာပြသထားသော မြေပဲပင်များကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-နေပြည်တော်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ် (၁၀၇/၄)နှင့် (၁၀၇/၅) အကြားရှိ လမ်းအသုံးပြုခ ကောက်ခံရေးစခန်း (Toll Gate) ဆောက်လုပ်ပြီးစီးမှုနှင့် စခန်းတွင်တပ်ဆင်အသုံးပြုမည့် ခေတ်မီစက်ကိရိယာများကို လည်းကောင်း၊ ကညွတ်ကွင်းမြို့ မိုင်တိုင်အမှတ်(၁၃၂/၄)နှင့် (၁၃၂/၅)အကြား၌ လမ်းပြုပြင် ဆောင်ရွက်နေမှုကို လည်းကောင်း၊ အုတ်တွင်းမြို့နယ် မိုင်တိုင်အမှတ် (၁၆၄/၄) နှင့် (၁၆၄/၅)အကြား၌ လမ်းပိုင်းအလိုက် ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဘို-မြစ်ကြီးနားလမ်း ဆောက်လုပ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းက ရွှေဘို-မြစ်ကြီးနားလမ်း တံတားအမှတ်(၁/၁၉)ယောက်သွားအိုင်တံတားအနီးရှိ လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လက်ရှိလမ်းကို ကျောက်လွှာထပ်တင်၍ ကတ္တရာခင်းရေးဆောင်ရွက်ရန် မှာကြားကာ ရွှေဘို-မြစ်ကြီးနားလမ်း ၄က်ပျောတိုင်းစခန်း စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာ၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းတွင် ရွှေဘို-မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၁၂၅/၁)နှင့် (၁၂၅/၂)ကြားရှိ ကွင်းချောင်းတံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ၁၄ရက် နံနက်ပိုင်းတွင် ရွှေဘို-မြစ်ကြီးနားလမ်းရှိ ကချင်ပြည်နယ် နမ္မတီး ရိပ်သာ၌ တာဝန်ခံအင်ဂျင်နီယာများအား လမ်းလုပ်ငန်းနှင့် တံတားလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားကာ မြစ်ကြီးနားမြို့သို့ ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဆည်၌ ကျောက်ချောလမ်းဖွင့်

ကျောက်ဆည် ဇန်နဝါရီ ၁၈

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ဆည်မြို့ တံတားလည်ရပ်ကွက် အေးသာယာကျောက်ချောလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်းထိပ်မုခ်ဦး၌ ဒီဇင်ဘာ၁ရက်ကကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ကျောက်ဆည်ခရိုင် တပ်နယ်မှူး ဗိုလ်မှူးကြီးကြည်စိန်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်အားပေး ချီးမြှင့်သည်။

ရေးဦးစွာ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်၍ ကျောက်ချောလမ်းကို ဖွင့်လှစ်ပေးသည်။ အဆိုပါ လမ်းအသစ်မှာ လမ်းအရှည် ပေ ၂၃၈၀၊ အကျယ် ၁၂ပေနှင့် လမ်းပုခုံးတစ်ဖက်သုံးပေစီရှိပြီး အဖွဲ့ရန်ပုံငွေကျပ်သိန်း ၆၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၆ရက် နံနက် ၉နာရီက အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်နွဲ့က အမှာစကား ပြောကြားပြီး သူငယ်တန်းကျောင်းသားကျောင်းသူလေးများက တေးသရုပ်ဖော်အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကိုကျင်းပရာ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်သီချင်းဆိုပြိုင်ပွဲ၊ တတိယတန်းနှင့် စတုတ္ထတန်းကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာဘာသာရပ် ပုံပြောပြိုင်ပွဲ၊ ပဉ္စမတန်းနှင့်ဆဋ္ဌမတန်း ကျောင်းသားကျောင်းသူများ၏ အင်္ဂလိပ်ဘာသာကျပန်းစကားပြောပြိုင်ပွဲ၊ သတ္တမတန်းနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ် ကဗျာရွတ်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ကျင်းပသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

စက်မှုလက်မှု ပညာသင်တန်းကျောင်း(လောက်ကိုင်) သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၅)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက် ၈နာရီခွဲက လောက်ကိုင်မြို့ရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ဝင်းမောင်တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်က သင်တန်းကျောင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဗိုလ်မှူးချုပ်ဝင်းမောင်နှင့် တက်ရောက်လာသူများသည် သင်တန်းသားများ လက်တွေ့ သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား စုစုပေါင်း၆၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Software Engineer တစ်ဦးအဖြစ် လုပ်ကိုင်လိုသူများအတွက် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

IT Industry တွင် Software Engineerတစ်ဦးအဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် အချိန်တိုအတွင်း အရည်အချင်းပြည့်ဝသော Software Engineer ဖြစ်နိုင်မည့် အခွင့်အရေးများ နှင့် စပ်လျဉ်း၍ Myanmar Information Technology Pte Ltd.မှ ဦးဇော်မိုးထွန်းက ဇန်နဝါရီ ၂၁ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း ရှစ်မိုင် အမှတ် (၁၁၂) အခန်းအမှတ်(၁၁-၁၂)ရှိ Myanmar Professionals Education Centre သင်တန်းခန်းမ၌ ဟောပြောမည်ဖြစ်သည်။

ဟောပြောပွဲတွင် Software Engineer အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားလျက်ရှိသော Diploma in Software Engineering တွင် သင်ကြားမည့်အဓိက ဘာသာရပ်ကြီး ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင် အသုံးချ Project ရေးသား၍ ရရှိသော အတွေ့အကြုံများ၏ အကျိုးကျေးဇူးများကိုပါ ရှင်းလင်း ဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများသည် Myanmar Professionals Education Centre (MPEC) ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄တို့သို့ စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၈

ပခုက္ကူအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ စာပေနှင့် အနုပညာထူးချွန်ဆုနှင့် ပညာရည်ချွန်ဆုပေးပွဲ၊ ဓမ္မာရုံပြင်ဆင်ခြင်းအတွက် အလှူရှင်များ ဂုဏ်ပြုလက်မှတ်ပေးအပ်ခြင်းနှင့် ရေစက်ချအနုမောဒနာကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ်အနီးပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းဝင်များနှင့် နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ပေးပို့နိုင်

၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသားကျောင်းသူများ၏ အမှတ်စာရင်းနှင့် အထောက်အထားများ၊ သက်ကြီးပူဇော်ပွဲအတွက် ငွေနှင့်လှူဖွယ်ပစ္စည်းများကို ဥက္ကဋ္ဌဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀-၂၁၈၈၅၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၂၀၂၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း-၃၈၃၈၅၇နှင့် အသင်းတည်ရှိရာ ပခုက္ကူဓမ္မာရုံရှိ အမှုဆောင် ဦးစိုးမြင့် ဖုန်း-၃၈၃၅၁၁/၂၅၁တို့သို့ ဆက်သွယ် ပေးပို့နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော ခေတ်မီ စက်ကိရိယာများ တပ်ဆင်ထားသည့် မြင်းကောင်ရေအား ၂၀၀၀ရှိ ဒီဇယ်လျှပ်စစ်စက်ခေါင်းကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

● ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် မြန်မာ့မီးရထားအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ ထုတ်လုပ်သော ဒီဇယ်လျှပ်စစ် စက်ခေါင်း ၉၆ခေါင်းကို မှာယူတင်သွင်းခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ခေါင်း ၅၅ခေါင်း ပါဝင်သည်။

တင်သွင်းခဲ့

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဒါလီယံစက်ခေါင်း စက်ရုံမှ ထုတ်လုပ်သော မြင်းကောင်ရေအား ၂၀၀၀ရှိ ဒီဇယ်လျှပ်စစ်စက်ခေါင်း ၂၀ကို Y. M. E. C ကုမ္ပဏီမှ တင်သွင်းခဲ့ရာ ၄င်းအနက်မှ ပထမသုတ်အဖြစ် ၂၀၀၈ခုနှစ် အောက်တိုဘာ ၁၇ရက်တွင် စက်ခေါင်းသစ် ရှစ်ခေါင်း၊ ဒုတိယသုတ်အဖြစ် ဒီဇင်ဘာ ၂၈ရက်တွင် စက်ခေါင်းသစ် ၁၂ခေါင်း ရောက်ရှိခဲ့ပြီး ဖြစ်သည်။

တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဒါလီယံစက်ခေါင်းစက်ရုံမှ ထုတ်လုပ်ပြီး Y. M. E. C ကုမ္ပဏီက တင်သွင်းသော ဒီဇယ်လျှပ်စစ်စက်ခေါင်းသည် ဘီးဝင်ရိုး ဖွဲ့စည်းမှုဘိုဂီသုံးခုနှင့် ဝင်ရိုးခြောက်ချောင်း၊ ဘီး၏ အချင်း ၃ပေ (၃ဒသမ၃၇ လက်မ)၊ မောင်းနှင်ဂီယာ အချိုး ၉၂:၁၉၊ စက်ခေါင်းအမြင့် ၁၁ပေ ၈လက်မ၊ ရထားလမ်းအကျယ် ၃ပေ (၃ဒသမ၃၇လက်မ)၊ စက်ခေါင်း၏ စုစုပေါင်းအလေးချိန် ၇၅တန်၊ ဒီဇယ်ဆီဝင်ဆံ့မှု ၇၀၄ ဒသမ ၈၅ဂါလန်၊ ဒီဇယ်အင်ဂျင်ပါဝါ မြင်းကောင်ရေအား၂၀၀၀ မောင်းနှင်နိုင်သော အမြန်ဆုံးမိုင်နှုန်းတစ်နာရီ ၆၂ဒသမ ၅မိုင်တို့ဖြစ်သည်။

နေရာမရွေး

ခေတ်မီ စက်ကိရိယာများ တပ်ဆင်ထားသည့် စက်ခေါင်းအတွင်း၌ ကွန်ပျူတာဖြင့် အင်ဂျင်နှင့် ဂျင်နရေတာ အပါအဝင် စက်မှုနှင့် လျှပ်စစ် အစိတ်အပိုင်း အသီးသီး၏ အခြေအနေကို ကြည့်ရှုနိုင်ပြီး ချွတ်ယွင်းချက်ဖြစ်ပေါ်သည်နှင့် မည်သို့ပြုပြင်ဆောင်ရွက်ရမည်တို့ကို ဖော်ပြသည့် စနစ်များပါဝင်ပြီး တောင်ပေါ်၊ မြေပြန့် နေရာမရွေး ခုတ်မောင်းနိုင်စွမ်းရှိသည်။

အဆိုပါစက်ခေါင်းသစ်၂၀အနက်မှ ၁၄ခေါင်းကိုရန်ကုန်-နေပြည်တော်၊ ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းများတွင် လက်ရှိစက်ခေါင်းများ၏ နေရာ၌ အစားထိုးပြေးဆွဲသွားမည်ဖြစ်ပြီး ကျန်စက်ခေါင်း ခြောက်ခေါင်းကို မန္တလေး-လားရှိုး ရထားလမ်းပိုင်းများတွင် အသုံးပြုသွားမည် ဖြစ်သည်။

ကွန်ပျူတာစနစ်

အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော ကွန်ပျူတာစနစ် အသုံးပြုသည့် အလိုအလျောက် လမ်းညှိ လမ်းပြုပြင်သည့် စက်ယန္တရား (Automatic Levelling, Lining & Tamping Machine)၊ ကျောက်ဖြည့်၊ ကျောက်ညှိ ပုံသွင်းဆောင်ရွက်သည့် စက်ယန္တရား (Profile Ballast Regulator) နှင့် ဝန်ချီစက်အငယ်စားပါသံလမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့ လိုက်ပါနိုင်သည့် သံလမ်းပြေးယာဉ်(Rail Gang Car with Crane)တို့ကို မြန်မာ့မီးရထား၏ ရထားလမ်းသစ်များ အချိန်မီ ဖောက်လုပ် ပြီးစီးနိုင်ရေးနှင့် မြန်မာ့မီးရထားလမ်းပိုင်း အသီးသီးကို အဆင့်မြင့် ပြုပြင်ထိန်းသိမ်း နိုင်ရေးတို့အတွက် အသုံးပြုသွားမည်ဖြစ်သည်။

လမ်းညှိ လမ်းပြုပြင်

အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သောကွန်ပျူတာစနစ်အသုံးပြုသည့် အလိုအလျောက် လမ်းညှိ လမ်းပြုပြင်သည့် စက်ယန္တရား (Automatic Levelling, Lining & Tamping Machine) သည် ဒီဇယ်အင်ဂျင် ပါဝါမြင်းကောင်ရေအား ၃၂၆၊ ဆောင်ရွက်နိုင်သည့် လမ်းအကျယ် ၃ပေ (၃ ဒသမ ၃၇ လက်မ)၊ စက်၏ အလျား၄၈ဒသမ၈၈ပေ၊ စက်၏ အနံ ၈ဒသမ၄၉ပေ၊ စက်၏အမြင့် သံလမ်းအထက် ၁၁ ဒသမ ၄၉ ပေ၊ ဘီး၏အချင်း ၂ဒသမ၃၉ပေ၊ မောင်းနှင်နိုင်သော အမြန်ဆုံးမိုင်နှုန်း တစ်နာရီ ၃၁ဒသမ၂၅မိုင်၊ စက်၏အလေးချိန်တန် ၄၀၊ ဒီဇယ်ဆီဝင်ဆံ့မှု ဂါလန် ၂၀၀၊ ဟိုက်ဒရောလစ် ဆီဝင်ဆံ့မှု ဂါလန်၂၀၀၊ စက်၏တန်ဖိုး (ဆိပ်ကမ်းအရောက်တန်ဖိုး) အမေရိကန်ဒေါ်လာ ၁၄၁၁၇၄၀ ဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော ကွန်ပျူတာစနစ်သုံး ကျောက်ဖြည့်၊ ကျောက်ညှိ ပုံသွင်းဆောင်ရွက်သည့် စက်ယန္တရား (Profile Ballast Regulator)ကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

ကျောက်ဖြည့်ကျောက်ညှိ

အိန္ဒိယ သမ္မတနိုင်ငံမှဝယ်ယူတင်သွင်းခဲ့သော ကွန်ပျူတာစနစ်အသုံးပြုသည့် ကျောက်ဖြည့် ကျောက်ညှိ ပုံသွင်းဆောင်ရွက်သည့် စက်ယန္တရား (Profile Ballast Regulator)သည် ဒီဇယ်အင်ဂျင်ပါဝါ မြင်းကောင်ရေအား၁၈၉၊ ဆောင်ရွက်နိုင်သည့်လမ်းအကျယ် ၃ပေ(၃ဒသမ၃၇ လက်မ)၊ စက်၏အလျား ၃၉ဒသမ၀၃ပေ၊ စက်၏ အနံ ၈ဒသမ၃၀ပေ၊ စက်၏ အမြင့် သံလမ်းအထက်၁၀ဒသမ၅၈ပေ၊ ဘီး၏ အချင်း၂ဒသမ၃၉ပေ၊ ရှေ့နောက် ဘီးအကွာအဝေး ၁၄ ဒသမ၇၆ပေ၊ မောင်းနှင်နိုင်သော အမြန်ဆုံးမိုင်နှုန်း တစ်နာရီ ၃၁ဒသမ ၂၅မိုင်၊ ကျောက်ပုံစံပြုမှု ဆောင်ရွက်ခြင်း တစ်နာရီ ၈ဒသမ၁၃မိုင်၊ ကျောက်အချောသပ်ခြင်း တစ်နာရီ ၁ဒသမ၂၅မိုင်၊ စက်၏ အလေးချိန် တန်၂၀၊ စက်၏တန်ဖိုး (ဆိပ်ကမ်းအရောက်တန်ဖိုး) အမေရိကန် ဒေါ်လာ ၅၉၄၈၈၄ဒသမ၈၃ ဖြစ်သည်။

သံလမ်းပြေးယာဉ်

အိန္ဒိယ သမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော ကွန်ပျူတာစနစ်အသုံးပြုသည့် ဝန်ချီစက်အငယ်စားပါ သံလမ်းပြုပြင် ထိန်းသိမ်းရေးအဖွဲ့ လိုက်ပါနိုင်သည့် သံလမ်းပြေးယာဉ် (Rail Gang Car with Crane) သည် ဒီဇယ်အင်ဂျင်ပါဝါ မြင်းကောင်ရေအား ၁၃၃၊ မောင်းနှင်နိုင်သည့်မိုင်နှုန်း တစ်နာရီ ၃၇ဒသမ ၅မိုင်၊ ဆောင်ရွက်နိုင်သည့် လမ်းအကျယ် ၃ပေ (၃ဒသမ၃၇လက်မ)၊ စက်၏ အလျားပေ ၂၀ဒသမ၃၀၊ စက်၏ အနံ ၇ဒသမ၈၇ပေ၊ စက်၏အမြင့် သံလမ်းအထက် ၁၀ဒသမ ၂၅ပေ၊ ဘီး၏ အချင်း ၂ဒသမ၂၉ပေ၊ ဘရိတ်စနစ်၊ လေဖိအားသုံးစနစ်၊ တွဲချိတ်အမျိုးအစား ABC၊ စက်၏ အလေးချိန်ရှစ်တန်၊ စက်၏တန်ဖိုး (ဆိပ်ကမ်းအရောက်တန်ဖိုး) အမေရိကန်ဒေါ်လာ ၁၃၈၂၅၀ဖြစ်သည်။

အထောက်အကူပြု

တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားသည့် ဒီဇယ်လျှပ်စစ်စက်ခေါင်းသစ်များနှင့် အိန္ဒိယသမ္မတနိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သော ကွန်ပျူတာစနစ်သုံး၊ လမ်းပြုပြင် ထိန်းသိမ်းရေး လုပ်ငန်းသုံး စက်ယန္တရားသစ်ကြီးများသည် ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ (၁၁)ကြိမ်မြောက် သက်ကြီးစာကြည့်တိုက်ပညာရှင်ကြီးများ ပူဇော်ပွဲကို ဇန်နဝါရီ၂၄ရက် (စနေနေ့) နံနက်၁၀နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ စုံညီစွာ ပူဇော်နိုင်ရေးအတွက် ဖိတ်စာများပေးပို့လျက်ရှိသည်။

ဆက်သွယ်နိုင်

ဖိတ်စာအချိန်မီ မရောက်ရှိပါကလည်း မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားပြီး လှူဒါန်းလိုပါက ဦးချိုအေး (အကြံပေးအဖွဲ့ဝင်) ဖုန်း-၆၉၉၅၁၈၊ ၀၉-၈၀-၂၀၄၀၀၊ ဦးသိန်းရွှေ (ဌာနမှူး၊ စာသုဌာန၊ ရန်ကုန်တက္ကသိုလ်) ဖုန်း-၅၃၄၇၇၂၊ ဦးကျော်ဦး (ညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက်) ဖုန်း-၀၉- ၅၀-၀၄၀၆၅နှင့် ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) ဖုန်း-၅၃၅၈၄၇၊ ၅၃၆၉၂၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ၁၈ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရန်ကုန်တိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အဆောက်အအုံ၊ ငွေ၊ မီဒီယာပစ္စည်းနှင့် စာအုပ်စာစောင်များ၊ လှူဒါန်းပွဲမှရရှိသောစာအုပ်များ ထပ်ဆင့်လှူဒါန်းပွဲကို အမှတ်(၈)ရပ်ကွက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်က ရပ်ကွက်နှင့်ကျေးရွာစာကြည့်တိုက်များကိုယ်စား အမှတ်(၈) ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်နယ် မီဒီယိုအခြေခံအဖွဲ့ခွဲ အလုပ်အမှုဆောင်အဖွဲ့စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ် မီဒီယိုအခြေခံအဖွဲ့ခွဲ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ဇန်နဝါရီ ၁၇ရက် နံနက်၁၀နာရီက ပြည်နယ် အခြေခံအဖွဲ့ခွဲ ရုံးခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ပြည်နယ်မီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးလှကျော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ယခင်ပြည်နယ် မီဒီယိုအခြေခံအဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်မင်းနိုင်က ပစ္စည်းများ၊စာရင်းဇယားများကို အမှုဆောင်အသစ်များထံ လွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်း

ဆက်လက်၍ အလုပ်အမှုဆောင်အသစ်ဥက္ကဋ္ဌ ဦးစိုးတင့်က လွှဲပြောင်းပစ္စည်းများလက်ခံပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများ ရှင်းလင်းပြောကြားသည်။

(လားရှိုးကိုယ်ပွား)

ဇန်နဝါရီ ၁၇ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၁)၏ မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို မြတ်ခရေခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း လေးဘာသာ ဂုဏ်ထူးရ ကျောင်းသူ တစ်ဦးကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။(ပညာရေး)

ဇန်နဝါရီ၁၈ရက်က ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်ညည့်ခံပွဲသို့ တက်ရောက်လာသော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Colonel Ekachai Harnpoonvittaya ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်စက်ရုံများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၁၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံအရှေ့စက်မှုဇုန်ရှိ National Wood သစ်အချောထည်စက်ရုံသို့ ရောက်ရှိရာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်နှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ တန်ဖိုးမြင့်သစ်ခွဲသားများ ထုတ်လုပ်နေမှုနှင့် ပြည်ပတင်ပို့ရန် သစ်ခွဲသားများ ထုပ်ပိုးထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ်ရှိ PW&GG ဖက်စပ်ကုမ္ပဏီ Green Gold Industiral Ltd. သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး တန်ဖိုးမြင့်သစ်ခွဲသားများ၊ သစ်အချောထည်ပစ္စည်းများနှင့် ပရိဘောဂများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

မေး။ ဦးရဲစိုးခင်ဗျာ၊ ဒီနှစ် ၂၀၀၈-၂၀၀၉ခုနှစ်မှာ ဘာသီးနှံတွေကို စိုက်ပျိုးနေပါသလဲခင်ဗျာ။

ဖြေ။ ဒီနှစ်မှာကျွန်တော်တို့မိုးစပါး၁၈၅ဧက၊ အစေ့မဲ့ဖရဲ ဧက၄၀၊ရွှေသခွားမွှေး ဧက၄၀ စိုက်ပျိုးထားပါတယ်။ မိုးစပါး ၁၈၅ဧကကတော့ ကိုယ်ပိုင်လယ်မြေဖြစ်ပါတယ်။ အခုမိုးစပါးအားလုံး ရိတ်သိမ်းပြီး ကုလားပဲသီးနှံကို စိုက်ပျိုးပြီးပါပြီ။ စပါးပြီးတော့ ယာသီးနှံများဖြစ်တဲ့ အစေ့မဲ့ဖရဲနှင့် ရွှေသခွား စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ပါတယ်။ ဖရဲနှင့်သခွားစိုက်ပျိုးရေးကို အလွန်ဝါသနာပါလို့ တရုတ်နိုင်ငံကိုသွားပြီး လေ့လာဆည်းပူး သင်ယူခဲ့ပါတယ်။ ပြီးတော့ ကျောက်ဆည်ခရိုင်မှာ လွန်ခဲ့တဲ့ခုနစ်နှစ်ကတည်းက စိုက်ပျိုးခဲ့ပါတယ်။ ဒီနှစ်မှာ တိုးချဲ့ပြီးတော့ စိုက်ပျိုးထားပါတယ်။ စိုက်ထားတဲ့ ကွင်းကတော့ ကျောက်ဆည်မြို့ရဲ့ တောင်ဘက်မှာရှိတဲ့ မောင်းထောင်ရွာအနီးမှာရှိလို့ မောင်းထောင်ကွင်းလို့ အမည်ပေးထားပါတယ်။ တောင်သူများနဲ့ အကျိုးတူ စိုက်ပျိုးပါတယ်။ တစ်ဖက်ကလည်း တောင်သူများ နည်းပညာရရှိရေး တစ်ဖက်ကလည်း နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ဖြစ်ပါတယ်။

မေး။ အခုစိုက်ပျိုးအောင်မြင်နေတဲ့ ရွှေသခွားနဲ့ အစေ့မဲ့ဖရဲကို ဘယ်လကစပြီး စိုက်ပျိုးခဲ့ပါသလဲ။

ဖြေ။ မိုးနှမ်း၊ မိုးမြေပဲစိုက်အပြီး ဝါသီးနှံ မစိုက်ခင် ကြားကာလဖြစ်တဲ့ အောက်တိုဘာလမှာ စတင်စိုက်ပါတယ်။ ဒီဇင်ဘာလမှာ ဆွတ်ခူးရပြီး သုံးလအတွင်း ဈေးကွက်ဝင်တဲ့ သစ်သီးဝလံ ရွှေသခွားမွှေးနှင့် အစေ့မဲ့ဖရဲကို စိုက်ပျိုးပါတယ်။ ရက်ပေါင်းအားဖြင့် ၇၅ရက်မှ ရက်၈၀အတွင်း ဝင်ငွေရရှိတဲ့ သီးနှံတစ်မျိုးလည်း ဖြစ်ပါတယ်။

မေး။ ဈေးကွက်ဝင်တဲ့ သစ်သီးဝလံလို့ ဘယ်လိုများ သိခဲ့ပါသလဲ။

ဖြေ။ ကျွန်တော် တရုတ်နိုင်ငံကို လွန်ခဲ့တဲ့ခုနစ်နှစ်လောက်က စိုက်ပျိုးရေးလေ့လာစဉ်က တရုတ်လူမျိုးတွေဟာ သစ်သီးဝလံကို ခုံမင်နှစ်သက်စွာ စားကြပါတယ်။ နောက်ပြီးတော့ သစ်သီးစား ပွဲတော်ကိုလည်း ကျင်းပခဲ့တာ မြင်တွေ့ခဲ့ရပါတယ်။ ဒီလိုတွေ့ခဲ့ရတော့ ဖရဲနဲ့ သခွားဟာ ရက်တိုတိုနဲ့ ဝင်ငွေရနိုင်တယ်။ သူတို့ဆီမှာ သစ်သီးဝလံကို ကီလိုနဲ့ ဝယ်တယ်ဆိုတော့ တွက်ခြေကိုက်တယ်ပေါ့။ ဥပမာ- ဖရဲတစ်လုံးဟာ ၁၀ကီလိုရှိတယ်ဆိုပါတော့၊ တစ်ကီလို နှစ်ယွမ်နဲ့ အရောင်းအဝယ်ဖြစ်ကြတယ်။ တစ်လုံးကို ယွမ်၂၀ရမယ်။

မေး။ ယခု စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေတဲ့ ရွှေသခွားမွှေးနဲ့ အစေ့မဲ့ဖရဲသီးဟာ တစ်ဧကကို ဘယ်နှလုံး ဆွတ်ခူးရပါသလဲခင်ဗျာ။

ဖြေ။ ရွှေသခွားမွှေးက တစ်ဧကကို အလုံးပေါင်း၄၀၀၀သီးပါတယ်။ ဒါပေမယ့် အလုံးလှပြီး ဈေးကွက်ဝင်တဲ့ အသီးများကို ရွေးချယ်ရင် အလုံး ၃၀၀၀၊ ၃၅၀၀လောက်ရပါတယ်။အစေ့မဲ့ဖရဲလဲ ထိုနည်းတူဖြစ်ပါတယ်။

မေး။ အစေ့မဲ့ဖရဲ စိုက်ပျိုးရတာ ပညာပါတယ်လို့ ပြောကြပါတယ်။ နည်းနည်းလောက် ရှင်းပြပါ။

ဖြေ။ ဟုတ်ပါတယ်၊ အစေ့မဲ့ဖရဲဟာ ရိုးရိုးဖရဲလို စိုက်လို့မလွယ်ပါဘူး။ ဒါပေမယ့် ရိုးရိုးဖရဲရဲ့ ပန်းဝတ်မှုန်ကို ကူးယူပြီးမှ အစေ့မဲ့ဖရဲရဲ့ ပန်းဝတ်မှုန် သို့ ကူးယူရတာဟာ သူ့ရက်နဲ့ သူ့အချိန် ကိုက်ညှိပြီး ကူးယူရတဲ့အတွက် ပညာပါတယ်လို့ ဆိုလိုတာပါ။ ကျွမ်းကျင်မှုက အဓိကပါ။ အစေ့မဲ့ဖရဲ တစ်ဧကစိုက်မယ်ဆိုရင် ရိုးရိုးဖရဲ ဝဒသမ၂၅ဧက စိုက်ပေးရပါတယ်။ ဒါမှသာ ပန်းဝတ်မှုန်ကူးလို့ ရမှာဖြစ်ပါတယ်။

မေး။ ယခုနှစ် ဈေးကွက်ဝင်တဲ့ ဖရဲ၊ သခွားတွေက ဘယ်လို အမျိုးအစားတွေလဲခင်ဗျာ။

ဖြေ။ ဖရဲမှာဆိုရင် အစေ့မဲ့ဖရဲ၊ သခွားမှာဆိုရင် အဝါရောင် ရွှေသခွားသီးတွေဟာ ဒီနှစ်မှာ ဈေးကွက်ဝင်တဲ့ သစ်သီးဝလံတွေဖြစ်ပါတယ်။ ရိုးရိုးဖရဲနဲ့ ပိုက်ကွက်အစိမ်းရောင်သခွားတွေဟာ အစိုက်များတော့ ဈေးသိပ်မရပါဘူး။ အကျိုးအမြတ်တော့ရှိတယ်၊ ဒါပေမယ့် အမြတ်နည်းတာပေါ့။

မေး။ ဒီနှစ်မှာ အစေ့မဲ့ဖရဲနဲ့ ရွှေသခွားတွေရဲ့ တစ်ဧကကုန်ကျစရိတ်၊ အကျိုးအမြတ်တွေကိုလဲ ရှင်းပြပါဦး။

ဖြေ။ အစေ့မဲ့ဖရဲ တစ်ဧက စိုက်ပျိုးကုန်ကျစရိတ်ဟာ ငွေကျပ်၁၂သိန်း ပတ်ဝန်းကျင်မှာရှိပါတယ်။ ၁၀ဘီးကားဖြင့်သယ်ယူခမှာ ငွေကျပ်၁၀သိန်း၊ ဂျူတီဆောင်ခနဲ့ အလုပ်သမားခ အပါအဝင် ကျပ်လေးသိန်းဆိုတော့ စုစုပေါင်း ကျပ်၂၆သိန်းပတ်ဝန်းကျင်မှာ ကုန်ကျပါတယ်။ တစ်တန်ကို အလုံး၁၃၀ဆိုတော့ တစ်ဧက၃၀၀၀နှုန်းထွက်တယ်ဆိုရင် ၂၃တန်၊ ၂၄တန် ကားကြီးတစ်စီးစာ အကိုက်ပါပဲ။ အဲဒီကားကြီးတစ်စီးစာဆိုရင် ကျပ်သိန်း၄၀ပတ်ဝန်းကျင်ရပါတယ်။ အဲဒီတော့ အစေ့မဲ့ဖရဲရဲ့ တစ်ဧက အကျိုးအမြတ်ဟာ ကျပ်၁၄သိန်း ပတ်ဝန်းကျင်မှာ ရရှိပါတယ်။ ဒါပေမယ့် အစေ့မဲ့ဖရဲက အလုံးလှဖို့နဲ့ ကီလိုပြည့်ဖို့က အရေးကြီးပါတယ်။ မလှရင်တော့ ဈေးကွက်မဝင်ဘူး။ ဈေးမရဘူးဖြစ်မှာပါ။ နောက်ပြီး ရွှေသခွားဟာ ဒီနှစ်မှာ ဈေးကွက်အနေအထားအရ ကောင်းတယ်လို့ဆိုရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ရွှေသခွားဟာ အထွက်နည်းနေခြင်းကြောင့် ရှားပါးကုန်လို့ ဆိုလို့ရပါတယ်။ ရွှေသခွား တစ်ဧကကုန်ကျစရိတ်ဟာ ငွေကျပ်၁၀သိန်းပတ်ဝန်းကျင်မှာရှိပါတယ်။ ကားသယ်ယူခက ငါးသိန်းနဲ့ ဂျူတီဆောင်ခနဲ့ အလုပ်သမားခက နှစ်သိန်း စုစုပေါင်းကျပ်၁၇သိန်းကုန်ပါတယ်။ တစ်တန်ကို ပျမ်းမျှခြင်း အလုံးပေါင်း၅၀၀ဆိုတော့ ခြောက်တန်ကားများဖြင့် သယ်ယူကြပါတယ်။ ကားတစ်စီး အလုံးပေါင်း၃၀၀၀ ပတ်ဝန်းကျင်မှာရှိပါတယ်။ တစ်ဧကစာကွက်တိ တင်ဆောင်နေတာများပါတယ်။ အဲဒီလို ခြောက်တန်ကားတစ်စီးဆိုရင် ၂၂သိန်းကျော်ရရှိပါတယ်။ စိုက်စရိတ်နဲ့ သယ်ယူစရိတ်နုတ်ပြီး အကျိုးအမြတ်ကတော့ ငါးသိန်းကျော် ပတ်ဝန်းကျင်မှာ ရရှိပါတယ်။

မေး။ ဦးရဲစိုးခင်ဗျာ၊ ယခု စိုက်ထားတဲ့အစေ့မဲ့ဖရဲ၊ ရွှေသခွားတွေကိုစိုက်ပြီးရင် ဘာတွေများ ဆက်လက်စိုက်ပျိုးမယ်လို့ စိတ်ကူးထားပါသလဲ။

ဖြေ။ ကျွန်တော်ဟာ ယခုလက်ရှိ ရွှေသခွား သီးကင်းဝင်နေချိန်မှာ ကြားညှပ်ပြီး ငွေချည် (၆)ဝါမျိုးတွေကို ပေါင်တွေပေါ်တင်ပြီး စိုက်ခဲ့တာ ဧက၄၀ရှိသွားပါပြီ။ ရွှေသခွား ပြီးသွားရင် ဝါတွေ ကျန်နေမယ်။ ကျွန်တော်နဲ့ အကျိုးတူစိုက်တဲ့ တောင်သူတွေအတွက်ကတော့ စီမံကိန်းသီးနှံဖြစ်ပါတယ်။ကျွန်တော် စိုက်ပျိုးရေးကို သူများနဲ့မတူအောင် ဝါသနာပါလွန်းလို့ စပါး၊ ကုလားပဲ၊ ဝါ၊ ဖရဲ၊ သခွား သီးနှံတွေကိုစိုက်ပျိုးခဲ့ရ၍ ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့် ဖရဲ၊ သခွားစိုက်ပြီး နိုင်ငံခြားဝင်ငွေရရှိတာကိုလည်း ဂုဏ်ယူမိပါတယ်ခင်ဗျား။

စိတ်ရှည်ရှည်နဲ့ ပြောကြားခဲ့တဲ့ ဦးရဲစိုးရဲ့ ရက်တိုတိုနဲ့ တွက်ခြေကိုက်ပြီး အကျိုးဖြစ်ထွန်းနေသော အစေ့မဲ့ဖရဲနဲ့ ရွှေသခွားမွှေး စိုက်ပျိုးထုတ်လုပ်ရောင်းချမှုအား အခြားတောင်သူများလည်း စဉ်းစားတွေးခေါ်ပြီး စိုက်ပျိုးရေးဗဟုသုတရစေရန် တစေ့တစောင်း ဖော်ပြလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မောင်းထောင်ကျေးရွာမှ တောင်သူဦးရဲစိုး၏ ရွှေသခွားမွှေးစိုက်ခင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ဝက်စ်ဟမ်းတို့ ဖူလ်ဟမ်ကို အနိုင်ရ အိမ်ကွင်း၌ သုံးမှတ်ရပြီး မျက်နှာပန်းလှ

ဖောင်ပိတ်အားကစားသတင်း - မောင်ချစ်ကြည်

လန်ဒန် ဇန်နဝါရီ ၁၈

ပရီမီယာလိဂ် ပွဲစဉ်(၂၂)ကို ဇန်နဝါရီ ၁၈ရက်၌ ဆက်လက်ယှဉ်ပြိုင်ရာ ဝက်စ်ဟမ်းနှင့် ဖူလ်ဟမ်တို့ပွဲတွင် ဝက်စ်ဟမ်းတို့က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိပြီး အိမ်ကွင်း၌ မျက်နှာပန်းလှခဲ့သည်။

ဝက်စ်ဟမ်းနှင့် ဖူလ်ဟမ်

အိမ်ကွင်း အက်တန်ပက်ခ်၌ ကစားရသော်လည်း ဝက်စ်ဟမ်းတို့ အသားစီးရအောင် မကစားနိုင်ခဲ့ချေ။ သို့သော် ယခုပွဲ၌ ဝက်စ်ဟမ်းတို့ ရသည့်အခွင့်အရေး အပြည့်အဝအသုံးချနိုင်ခဲ့သဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ ကာတန်ကိုးလ်နှင့် မီချီလီတို့ ဦးဆောင်သော ဝက်စ်ဟမ်း တိုက်စစ်မှူးများက ပွဲအစမှာပင် တိုက်စစ်မြှင့်ပြီး ထိုးဖောက်ကစားမှုကြောင့် ပွဲအစ ခုနစ်မိနစ်မှာ ဝက်စ်ဟမ်းတိုက်စစ်မှူး မီချီလီက ဖူလ်ဟမ် ဂိုးဧရိယာအတွင်းမှ ညာခြေဖြင့် အပိုင်ကန်သွင်းယူလိုက်သဖြင့် ဝက်စ်ဟမ်းတို့ စောစီးစွာ အဖွင့်ဂိုးရရှိခဲ့သည်။

ချေပဂိုး

သို့သော် ဂျွန်ဆင်နှင့် ဇာမိုရာတို့ တိုက်စစ်အတွဲက ဝက်စ်ဟမ်းနောက်တန်းကို တန်ပြန်ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ၂၂မိနစ်၌ မူရာဖီ ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ဖူလ်ဟမ်နောက်ခံလူ ကွန်ချာစကီက ဝက်စ်ဟမ်း ဂိုးဧရိယာအပြင်ဘက်မှ ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

ဝက်စ်ဟမ်းတို့ အနိုင်ဂိုးသွင်းယူနိုင်ရေး ဆက်လက်တိုက်စစ်ဆင်ခဲ့ရာ မိနစ်၆၀၌ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိပြီး ယင်းပြစ်ဒဏ်ဘောကို ဝက်စ်ဟမ်း ကွင်းလယ်လူ နိုကလီက ကန်သွင်းခဲ့သဖြင့် အနိုင်ဂိုးရရှိခဲ့သည်။

ထို့နောက် ဝက်စ်ဟမ်းတို့ အနိုင်ဂိုးများ ဆက်လက်သွင်းယူရေး ကြိုးစားခဲ့ရာ ၇၆မိနစ်၌ မီချီလီ ဂိုးရှေ့ချပေးလိုက်သည့်ဘောလုံးကို တိုက်စစ်မှူး ကာတန်ကိုးလ် ညာခြေဖြင့် အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ဝက်စ်ဟမ်းတို့ အိမ်ကွင်း၌ သုံးမှတ်အပြည့် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



ဝက်စ်ဟမ်းနှင့် ဖူလ်ဟမ်တို့ပွဲတွင် ဝက်စ်ဟမ်းတိုက်စစ်မှူး မီချီလီ (ယာ) ဤသို့ အဖွင့်ဂိုးသွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ပရီမီယာလိဂ်ပွဲစဉ်(၂၂)အပြီး အသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၂၁	၁၄	၅	၂	၄၇
၂	လီဗာပူး	၂၁	၁၃	၇	၁	၄၆
၃	ချယ်လ်ဆီး	၂၂	၁၃	၆	၃	၄၅
၄	ဗီလာ	၂၂	၁၃	၅	၄	၄၄
၅	အာဆင်နယ်	၂၂	၁၂	၅	၅	၄၁
၆	အဲဗာတန်	၂၁	၁၀	၅	၆	၃၅
၇	ဝီဂန်	၂၂	၉	၄	၉	၃၁
၈	ဝက်စ်ဟမ်း	၂၂	၈	၅	၉	၂၉
၉	ဟူးလ်စီးတီး	၂၂	၇	၆	၉	၂၇
၁၀	ဖူလ်ဟမ်	၂၀	၆	၈	၆	၂၆
၁၁	မန်စီးတီး	၂၁	၇	၄	၁၀	၂၅
၁၂	ဘော်လ်တန်	၂၂	၇	၂	၁၃	၂၃
၁၃	နယူးကာဆယ်	၂၂	၅	၈	၉	၂၃
၁၄	ဆန်းဒါးလန်း	၂၂	၆	၅	၁၁	၂၃
၁၅	ပို့စ်မောက်	၂၀	၆	၅	၉	၂၃
၁၆	ဘလက်ဘန်း	၂၁	၅	၆	၁၀	၂၁
၁၇	မစ်ဒယ်ဘရော့	၂၂	၅	၆	၁၁	၂၁
၁၈	စတုတ်	၂၂	၅	၆	၁၁	၂၁
၁၉	ဝက်စ်ဘရွန်း	၂၂	၆	၃	၁၃	၂၁
၂၀	စပါး	၂၁	၅	၅	၁၁	၂၀

စီးရီးအေ ပွဲစဉ်များရလဒ်

၁၈-၁-၂၀၀၉ ရက်

အတ္တလန္တာ	၃ - ၁	အင်တာမီလန်
ကာဂလီရာရီ	၂ - ၀	အူဒီးနီးစ်
ကာတာနီးယား	၁ - ၂	ဘိုလော့နာ
ချေယေးဗို	၂ - ၁	နာပိုလီ
လက်ချီ	၀ - ၂	ဂျီနိုအာ
ဆမ်ဒိုးရီးယား	၀ - ၂	ပါလာမို
တိုနီရို	၀ - ၁	ရိုးမား
ဆီနာ	၁ - ၀	ရက်ဂျီးနား
အေစီမီလန်	၁ - ၀	ဖီအိုရင်တီးနား

(အင်တာနက်)

လမ်းလျှောက်ခြင်း၏ အကျိုးတရားများ

ကိုယ်လက်လှုပ်ရှား အားကစားခြင်းသည် ကျန်းမာရေးအတွက် အလွန်အရေးပါသည်။ ယခုအခါ တစ်မျိုးသားလုံး ကျန်းမာစေရေးအတွက် နိုင်ငံတော်က အားကစားကို ဘက်စုံအားပေးလျက်ရှိသည်။

"အာရောဂျ ပရမံ လာဘံ" ကျန်းမာခြင်းသည် အကြီးမြတ်ဆုံးသော လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ ကျန်းမာခြင်းဟူသည် ကာယသုခ၊ စိတ္တသုခ နှစ်ဖြာနှင့်ပြည့်စုံပြီး အနာရောဂါနှင့် ကူးစက်ရောဂါများ ကင်းရှင်းခြင်းပင်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှား အားကစားနည်း အမျိုးမျိုးရှိသည့်အနက် အားကစားရုံ၊ အားကစားခန်းမများမလိုဘဲ ကုန်ကျစရိတ် အနည်းဆုံးသော အားကစားနည်းတစ်ရပ်မှာ လမ်းလျှောက်ခြင်း ဖြစ်သည်။ လမ်းလျှောက်ခြင်းသည် အကောင်းဆုံးသော လေ့ကျင့်ခန်းတစ်ခု ဖြစ်သည်။

လမ်းလျှောက်ခြင်းဖြင့် လမ်းဘေးတစ်လျှောက်ရှိ စိမ်းလန်းသော သစ်ပင်ဝါးပင်များ၊ လေပြည်လေညင်းကလေးများ၊ သစ်ပင်ပန်းပင်တို့မှ သင်းပျံ့သောရနံ့များကြောင့် လမ်းလျှောက်သူတို့၏စိတ်မှာ ပို၍ကြည်နူးရွှင်မြူးလာရသည်ကို ကိုယ်တိုင်ခံစားနိုင်သည်။

လမ်းလျှောက်ခြင်းဖြင့် လောကီအကျိုးများသာမက လောကုတ္တရာ အကျိုးများလည်း ရနိုင်သည်။ မိမိလျှောက်ရမည့်လမ်းနှင့် မိမိခန္ဓာကိုယ် အနေအထားကို သတိမူပြီးလျှောက်ရသည့်အတွက် ကာယာနုပဿနာ သတိပဋ္ဌာန်တရားကို ပွားများရာလည်း ရောက်ပေသည်။ မိမိလျှောက်လှမ်းသည့် လမ်းတစ်လျှောက်ရှိ ဝေနေယျ၊ သုခိတ၊ ဒုက္ခိတသတ္တဝါများအား ဘေးအန္တရာယ်ကင်းစေလိုသော စိတ်စေတနာဖြင့် မေတ္တာတရားပွားများခြင်းဖြင့် အတ္တ၊ ပရနှစ်ဖြာသော အကျိုးထူးများရရှိမည်မှာ မလွဲဧကန် ဖြစ်သည်။

မိမိတို့၏ တစ်ကိုယ်ရေ ကျန်းမာကြံ့ခိုင်ရေးကိုအခြေခံ၍ မိမိတို့မိသားစုမှသည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်တို့မှ နိုင်ငံအတွက် မြင့်မားသော ရည်ရွယ်ချက်များဖြင့် နေ့စဉ် ခြေကျင်လမ်းလျှောက်၍ အမျိုးသားကျန်းမာရေးကို တည်ဆောက်ကြရန် စည်းရုံးလှုံ့ဆော်ရမည်ဖြစ်သည်။

လမ်းလျှောက်ခြင်းအလေ့အထကို လူကြီး၊ လူငယ် အသက်အရွယ်မရွေး ပြုမူသင့်သည်။ လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများကား များပြားလှသည်။ လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ ရောဂါဘယ ပျောက်ကင်းချမ်းသာခြင်း၊ ကာကွယ်တားဆီးနိုင်ခြင်း၊ ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်လှပ၍ အသားအရေကို စိုပြည်စေနိုင်ခြင်း၊ စိတ်ဓာတ်အားကောင်းမွန်ခြင်း၊ သွေးသား ညီညွတ်၍ နုပျိုလန်းဆန်းစေနိုင်ခြင်း၊ သက်လုံကောင်း၍အညောင်းအညာပြေစေနိုင်ခြင်း၊ အပေါင်းအသင်းမိတ်ဆွေများ တိုးပွားလာနိုင်ခြင်း စသည်တို့ကား လမ်းလျှောက်ခြင်း၏ အကျိုးတရားများပင် ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှုမရှိလျှင် ကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်းများမှာ ထိုင်းမှိုင်းလေးလံနေပေမည်။ မလှုပ်မရှားနေပါက အထွေထွေသောရောဂါများ ကပ်ငြိစေနိုင်သည့်အတွက် အိုလွယ်၊ နာလွယ်စေသော အကြောင်းတစ်ရပ်လည်း ဖြစ်သည်။ အများအားဖြင့် ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာသည့် အခါမှ သိလေ့ရှိပါသည်။

လမ်းလျှောက်ခြင်းဖြင့် နေမကောင်းသူများ ကျန်းမာလာစေနိုင်ပြီး နေထိုင် ကောင်းသူများလည်း အမြဲကျန်းမာကြံ့ခိုင်စေရန် ပြုပြင်ပေး၏။ ထို့ကြောင့် လမ်းမှန်မှန်လျှောက်ရန် မမေ့သင့်ပေ။ လမ်းလျှောက်ခြင်းကို အစပထမတွင် မဝေးကွာလွန်းလှသောခရီးဖြင့် စတင်သင့်သည်။ ထိုမှတစ်နေ့ထက်တစ်နေ့ တဖြည်းဖြည်းတိုး၍ ခရီးဝေးဝေးလျှောက်သင့်သည်။ အသက်ရှူရာ၌လည်း အားပါးတရ ရှူရှိုက်သင့်သည်။ နေ့စဉ်မှန်မှန် လမ်းလျှောက်ခြင်းအားဖြင့် အညောင်းအညာ အကိုက်အခဲပြေစေ၏။ ပါးပြင်ရှိ သွေးကြောများ စိုပြည်နီမြန်းကာ ချောမွေ့လှပလာစေနိုင်၏။ အစာကိုလည်း ကြေလွယ်စေ၏။ ပေါ့ပါးလျင်မြန် လာစေ၏။ ညဘက်တွင်လည်း နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်စေနိုင်၏။ ဝလွန်းသူများ အသားအရေ စစ်လာနိုင်ကာ ပိန်သူများလည်း ကျန်းမာပြည့်ဖြိုး အလှတိုးနိုင်၏။

လမ်းလျှောက်ခြင်းဖြင့် အပန်းကိုပြေစေသည်။ လူသစ်စိတ်သစ်ဖြစ်စေနိုင်သည်။ အတွေးသစ်၊ အမြင်သစ်ဖြစ်စေသည်။ ခေါင်းထဲမှ မူးနောက်နောက်ဖြစ်နေလျှင်ဖြစ်စေ၊ စိတ်ညစ်ရှုပ်ထွေးနေလျှင်ဖြစ်စေ၊ လူရှင်းသော ကွင်းပြင်သို့မဟုတ် တောလမ်းတွင် ခပ်သွက်သွက်လမ်းလျှောက်လိုက်ပါက ဦးနှောက်ကြည်လင်၍ စိတ်ရွှင်လန်းလာစေနိုင်ပါသည်။ လမ်းလျှောက်သောအခါ မိမိ၏ မူလပတ်ဝန်းကျင်မှထွက်ပြီး အခြားပတ်ဝန်းကျင်သို့ ရောက်ရှိသည့်အတွက် ကိုယ်ခန္ဓာအနေဖြင့် အကျိုးခံစားခွင့်ရသကဲ့သို့ ဦးနှောက်ကိုလည်း ကြည်လင်စေပါသည်။

လမ်းလျှောက်ရန် အကောင်းဆုံးအချိန်မှာ နံနက်စောစောပင် ဖြစ်သည်။ စောစောအိပ်ရာဝင်၍ စောစောထကာ စောစောလမ်းလျှောက်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။ သို့သော် မိမိအခြေအနေအရများစွာ နေမမြင့်သေးမီဖြစ်စေ၊ ညနေစောင်း နေအေးချိန်တွင်ဖြစ်စေ လမ်းလျှောက်နိုင်ကြပေသည်။ လမ်းလျှောက်ရာ၌ တစ်ယောက်တည်းလည်း လျှောက်နိုင်သလို အဖော်နှင့်လည်း လျှောက်နိုင်ပါသည်။ အများစုပေါင်း၍လည်း လျှောက်နိုင်ကြပါသည်။

လမ်းလျှောက်ခြင်း၏ အကျိုးအာနိသင်ကို လက်တွေ့လမ်းလျှောက်ကြည့်မှ ပို၍ သိနိုင်ပေမည်။ အသက်ရှူမဝခြင်း၊ ကိုယ်အလေးချိန်လွန်ကဲခြင်း၊ နှလုံး

ကျော်ကျော် (စက်မှုတက္ကသိုလ်)

ရောဂါဖြစ်ခြင်း၊ လေဖြတ်ရောဂါဖြစ်ခြင်းတို့ကို ကြိုတင်ကာကွယ်နိုင်ပေသည်။ သွေးတိုးရောဂါရှိသူများလည်း သွေးလျော့စေနိုင် သည်။ နာတာရှည်ရောဂါများ၊ ဆီးရောဂါနှင့် ညောင်းညာကိုက်ခဲ ထုံကျဉ်ရောဂါများ ပျောက်ကင်းနိုင်ကြောင်း ဆရာဝန်များက ထောက်ခံကြပေသည်။

လမ်းလျှောက်ခြင်းသည် ကိုယ်လက်အညောင်းအညာ ပြေစေရုံသာမက ပင်ပန်းနွမ်းနယ်ခြင်းများကို အများဆုံးပြေလျော့စေနိုင်သော ကိုယ်လက်လှုပ်ရှားမှုတစ်ခုဖြစ်သဖြင့် ကမ္ဘာတစ်ဝန်းကလမ်းလျှောက်ရန် လှိုက်လှိုက်လှဲလှဲ ထောက်ခံထားကြလေသည်။

ခြေလှမ်းကျဲကျဲနှင့် သွက်သွက်လက်လက် လျှောက်နိုင်သလောက် လျှောက်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။ ပျော်ပျော်ရွှင်ရွှင် ခြေလှမ်းကျဲကျဲလှမ်း၍ လမ်းလျှောက်ခြင်းသည် အလွယ်ဆုံးနှင့် အကောင်းမွန်ဆုံး ဖြစ်ပေသည်။ မည်သည့်အားကစားပစ္စည်းမျှမလို၊ မည်သည့်နေရာ၊ မည်သည့်ရာသီဥတု၊ မည်သည့်အသက်အရွယ်မဆို ပါဝင်ကစားနိုင်သဖြင့် အထူးသင့်လျော်သော အားကစားနည်းတစ်ရပ်လည်း ဖြစ်ပေသည်။

လမ်းလျှောက်သောအခါတွင် မိမိတို့၏အသက်နှင့် ကျန်းမာရေးအပေါ်မူတည်ပြီး အကွာအဝေးသတ်မှတ် လျှောက်သင့်ပေသည်။ တန်ဆေးလွန်ဘေးဆိုသကဲ့သို့ အလွန်အကျွံမဖြစ်ဖို့ သတိပြုရန် လိုအပ်ပေသည်။ ကိုယ်အနေအထားဟန်ပန်နှင့်လျှောက်ရန် အရေးကြီးပေသည်။ အသက်မှန်မှန်ရှူပြီး လက်လွှဲလမ်းလျှောက်ရမည့်အပြင် ခြေထောက်ကိုလည်းလွှဲပြီး လျှောက်ရန်လိုသည်။

လမ်းလျှောက်သည့်အခါ အောက်ပါအချက်များနှင့်အညီ ကြိုးစားလျှောက်သင့်ပေသည်။

(၁) ခါးနှင့်ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပါ။
(၂) ရင်ကို တန်ရုံမြှင့်ပါ။
(၃) လက်ချောင်းများ ပူးကပ်ထားသင့်သည်။ တင်းကျပ်စွာ လက်သီးဆုပ်မထားသင့်။
(၄) ခြေများကို ရှေ့တည့်တည့်သို့သာ လှမ်း၍ လျှောက်ရမည်။
(၅) ကိုယ်ကို နောက်သို့ မယိမ်းယိုင်စေရ။
(၆) လမ်းမြန်မြန်လျှောက်တတ်အောင် လေ့ကျင့်ရမည်။ ယင်းသို့မြန်မြန်လျှောက်ရာတွင် မောကြီးပန်းကြီးမဖြစ်စေရန် သတိပြုပါ။
(၇) ဖနောင့်ကိုပထမချပြီးမှ ခြေဖျားချရမည်။
(၈) လက်ကိုလည်း သွက်သွက် ခပ်မြင့်မြင့် လွှဲပေးရမည်။
(၉) အသက်ရှူရာတွင်လည်း အားပါးတရ ရှူရှိုက်ပါ။
(၁၀) ရာသီဥတုနှင့်ညီညွတ်စေမည့် အဝတ်အစားကိုဝတ်ပါ။ ချမ်းသည့်အခါ အအေးလုံသော အဝတ်ထူထူဝတ်ရန် လိုသော်လည်း ကျပ်တည်းလေးပင်သောအဝတ်ကို အထူးရှောင်ကြဉ်ပါ။

လမ်းလျှောက်ပြီးလျှင် ၁၀မိနစ်ခန့် အသက်ရှူလေ့ကျင့်ခန်းကို ပြုလုပ်ပေးသင့်ပေသည်။ ရေကိုလည်း အဝသောက်ရမည်။လမ်းလျှောက်ပြီး ရေနှစ်ခွက်ခန့် အဝသောက်ခြင်းဖြင့် ဆီးမှန်၊ ဝမ်းမှန်စေကာ ခန္ဓာကိုယ် အညစ်အကြေးများ ကင်းစင်စေနိုင်ပါသည်။ ထို့ပြင် တစ်နေ့တာလုပ်ငန်း ဆောင်ရွက်မှုများကို တက်တက်ကြွကြွနှင့် စိတ်ပါဝင်စားစွာ လုပ်ကိုင်လာနိုင်ကြောင်း လက်တွေ့သုတေသနပြုချက်များအရ တွေ့ရှိရပေသည်။

အကျိုးကျေးဇူးများ အမှန်တကယ်ပေးစွမ်းနိုင်သည့် လမ်းလျှောက်အားကစားကို လက်တွေ့ဆောင်ရွက်ကြပါဟု တိုက်တွန်းရင်း-

"ကျန်းမာပြည့်စုံ
အရေးကြိုက
သက်လုံလည်းကောင်း
အားသစ်လောင်း၍
အညောင်းလည်းပြေ
အပန်းဖြေရင်း
မိတ်ဆွေလည်းရ
လမ်းလျှောက်ကြ"

ဟူသောကဗျာလေးဖြင့် လမ်းလျှောက်ဖို့ နှိုးဆော်လိုက်ရပါသည်။ ။

လမ်းလျှောက်ခြင်း၏ အကျိုးအာနိသင်ကို လက်တွေ့လမ်းလျှောက်ကြည့်မှ ပို၍သိနိုင်။ အသက်ရှူမဝခြင်း၊ ကိုယ်အလေးချိန်လွန်ကဲခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ လေဖြတ်ရောဂါဖြစ်ခြင်းတို့ကို ကြိုတင်ကာကွယ်နိုင်။ သွေးတိုးရောဂါရှိသူများလည်း သွေးလျော့စေနိုင်။ နာတာရှည် ရောဂါများ၊ ဆီးရောဂါနှင့် ညောင်းညာကိုက်ခဲ ထုံကျဉ်ရောဂါများ ပျောက်ကင်းနိုင်။

တာချီလိတ် ဘိုးဘွားရိပ်သာလမ်း ကတ္တရာလမ်းသစ်ဖွင့်

တာချီလိတ် ဇန်နဝါရီ ၁၈

(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဘိုးဘွားရိပ်သာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၉နာရီက အဆိုပါ လမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက ကတ္တရာလမ်းသစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် လမ်းသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့် ဧည့်သည်များက လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** (ဝ၁၆)

မိတ္ထီလာ၌ ကတ္တရာလမ်းသစ်ဖွင့်

မိတ္ထီလာ ဇန်နဝါရီ ၁၈

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက် ပေါက်ချောင်း (၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက်၈နာရီက ပေါက်ချောင်းရပ်ကွက်(၁)လမ်းထိပ်၌ ကျင်းပသည်။

ပေါက်ချောင်းရပ်ကွက် (၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲတွင် မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်က လမ်းသစ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ဆက်လက်၍ပေါက်ချောင်း(၁)လမ်း ကတ္တရာလမ်းသစ်ကို ခရိုင်ဥက္ကဋ္ဌ ဦးမြင့်သန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** (ဝ၈၆)

မရမ်းကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၈

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၂၀၀၈ခုနှစ် နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် မွန်းတည့် ၁၂နာရီက မရမ်းကုန်း အထက(၁)စန္ဒီမာခန်းမ၌ အစီအစဉ်နှစ်ရပ်ဖြင့် ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားတွင်မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)အလုပ်အမှုဆောင် ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)(ခင်မောင်ထွန်း-လမ်းမတော်)၊ မရမ်းကုန်းမြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်း၊မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးခင်ဇော်(ဦးခင်ဇော်-မရမ်းကုန်း)တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍အလှူရှင်များနှင့်မြန်မာစာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၉ဦး၊ မြန်မာစာဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများပေးအပ်ခြင်း၊ ကျောင်းသားကျောင်းသူ ၁၉ဦးအနက် ဆုမဲပေါက်သူ သုံးဦးအား လှသီတာရွှေဆိုင်ပိုင်ရှင် ဦးအေးမြင့်ကတစ်ကျပ်သားရှိရွှေလက်စွပ်တစ်ကွင်းစီ ဂုဏ်ပြုချီးမြှင့်သည်။

အမှာစကား

ဒုတိယပိုင်းတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက သက်ကြီးစာပေပညာရှင် ဒေါက်တာကျော်စိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးဇူး)က အမှာစကားပြောကြားသည်။

ပူဇော်

ဆက်လက်၍ သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက် ပူဇော်ကန်တော့ကြောင်း သိရသည်။ **(၁၁၁)**

ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၉ရက် နံနက် ၉နာရီကလှိုင်သာယာမြို့နယ် အမှတ်၆ရပ်ကွက် နဝဒေးဥယျာဉ်အိမ်ရာ နဝဒေးလမ်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်၊ အမှတ်(၆)ရပ်ကွက်ဥက္ကဋ္ဌ ဦးစန်းယုနှင့် နဝဒေးဥယျာဉ်အိမ်ရာ(စီမံ)တာဝန်ခံ ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် ဧည့်သည်များသည် ဈေးပွဲတော်အတွင်း လှည့်လည်ကြည့်ရှုရာ ကုန်စည်ပြပွဲ တာဝန်ခံ ဦးယဉ်ထွေးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။**(ဝဲပုံ) (ဝ၉၇)**

စာသင်ချိန်အတွင်း လက်တွေ့လုပ်ဆောင်ချက်များဖြင့် တီထွင်ဆန်းသစ်ထားသော ILBC သိပ္ပံပြပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ကျောင်းသား ကျောင်းသူများအား စာသင်ချိန်အတွင်း ဆောင်ရွက်ရသည့် လက်တွေ့လုပ်ဆောင်ချက်များဖြင့် တီထွင်ဆန်းသစ်ထားသော သိပ္ပံပြပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီမှ ညနေ ၆နာရီအထိ ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ် ၃၄ လေးထောင့်ကန်လမ်းရှိ International Language & Business Centre (ILBC) ၌ ကျင်းပသည်။ (အောက်ပုံ)

ILBC ကျောင်း၌ Primary(1) မှ Secondary(4) အထိ ကျောင်းသား ကျောင်းသူ ၁၈၀၀ ကျော်ရှိပြီး ကျောင်းသား ကျောင်းသူများ သိပ္ပံပညာ တတ်သိနားလည်ရန်အတွက်နှင့် သိပ္ပံပညာအပေါ် စိတ်ဝင်စားမှုရရှိလာစေရန်အတွက် တစ်နှစ်အတွင်း ကျောင်းသား ကျောင်းသူများ သုတေသနပြု ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို ပြင်ပကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ သိရှိစေရန် သိပ္ပံပြပွဲကျင်းပခဲ့သည်မှာ တတိယနှစ်သို့ ရောက်ခဲ့ပြီဖြစ်သည်။

တီထွင်သုတေသနပြု

ယခုနှစ်တွင် ကျောင်းသား ကျောင်းသူများ သုတေသနပြု ဆောင်ရွက်ခဲ့သော ရူပဗေဒဘာသာရပ်ဖြင့် သုတေသနပြုဆောင်ရွက်ခဲ့သော ပြကွက် ၁၀ ခန်း၊ ဓာတုဗေဒဘာသာရပ်နှင့် အထွေထွေ သိပ္ပံဘာသာရပ်ဖြင့် တီထွင်သုတေသနပြုဆောင်ရွက်ခဲ့သော ပြကွက် ၃၅ခန်း၊ ဇီဝဗေဒဘာသာရပ်ဖြင့် တီထွင်သုတေသနပြု ဆောင်ရွက်ခဲ့သော ပြကွက်ငါးခန်း၊ သင်္ချာဘာသာရပ်ဖြင့် တီထွင်သုတေသနပြု ဆောင်ရွက်ခဲ့သော ပြကွက်သုံးခန်း၊ အထူးပြကွက်အနေဖြင့် နှစ်ခန်းနှင့် ပထဝီဘာသာရပ်ဖြင့် တီထွင်သုတေသနပြု ဆောင်ရွက်ခဲ့သော ပြကွက်တစ်ခန်းတို့ကို အသီးသီးပြသထားရာ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ စိတ်ဝင်စားသော ပြည်သူများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးကြသည်။

စိတ်ဝင်စားဖွယ်

အထူးပြုလုပ်ထားသော ပြကွက်တွင် ယခင်နှစ်များမှ စတင်၍ ကျောင်းသား ကျောင်းသူများ သုတေသနပြု ထုတ်လုပ်ခဲ့သော လျှပ်စစ်ကား (ဘက်ထရီ)ကားပုံစံခုနစ်မျိုးကို အချောထည်ထုတ်လုပ်က ပြသထားသည်ကို စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။

သင်ကြားပို့ချ

ILBC ၌ Primary(1) မှ Secondary(4) သင်တန်းများကို နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းအထိ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ ပထဝီ၊ စီးပွားရေး၊ သမိုင်း၊ ကွန်ပျူတာ၊ အားကစားနှင့် ဂီတပညာဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ကမ်းနားမြစ်ဆိပ်နိမ့်ကျနေမှု ကာကွယ်ထိန်းသိမ်းပေးစေလို

စာတည်းခင်ဗျား-

အောင်လံမြို့ ကန်ကြီးရပ်ကွက် ကမ်းနားလမ်း (၆လမ်းနှင့် ၇လမ်းကြား)နှင့် မြစ်ဆိပ်ကမ်းတွင် ၂၀၀၈ခုနှစ် စက်တင်ဘာလ ဧရာဝတီမြစ်ရေအကျတွင် မြေများနိမ့်ကျုံပြိုကျခဲ့ရာ ယခုအခါ အလျားပေ၂၀၀ကျော်၊ အကျယ်ပေ၃၀ခန့်၊ အနက်ပေ၂၀ခန့် နိမ့်ကျုံပြိုကျပြီး ကတ္တရာခင်းထားသော ကမ်းနားလမ်းသည် နေအိမ်များ၏ အိမ်ရှေ့မျက်နှာစာ ဝင်းခြံများအထိ ပျက်စီးလျက်ရှိပါသည်။ လူသွားလူလာ ဖြတ်သန်းသွားလာ၍ မရတော့ဘဲ ကမ်းနားလမ်းရှိ လူနေအိမ်ဆောက်အအုံများ ပျက်စီးဆုံးရှုံးမည့်ဘေး ကြုံတွေ့နေရပါ၍ ကာကွယ်ထိန်းသိမ်းမှုများပြုလုပ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

ကမ်းနားနေသူတစ်ဦး

ကွမ်းစားဆေးနံ့ကြောင့် ကျန်းမာရေးထိခိုက်နေ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ၁၁၉ လမ်းရှိ တိုက်ခန်းတစ်ခန်းတွင် ကွမ်းစားဆေးမွှေးလုပ်ငန်းကို နေ့စဉ် နေ့ည မီးစက်သုံး၍ ပြုလုပ်နေလျက်ရှိရာ ထုထောင်းသံများ၊ မော်တာသံများဖြင့် ညအိပ်၍ မရသည့်အပြင် ဆေး၏အနံ့ဆိုးများ နေ့စဉ် ရှူရှိုက်နေရခြင်းကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ မူးဝေ၍ ကျန်းမာရေးထိခိုက်နေပါ၍ အဆိုပါလုပ်ငန်းကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူများ

စည်းကမ်းမဲ့ အမှိုက်သိမ်းနေမှုကြောင့် သွားလာရေး ခက်ခဲ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် စမ်း/တောင်ရပ်ကွက် မြင့်မိုရ်လမ်းအနောက်ဘက်ထိပ် လမ်းပေါ်တွင် စည်းကမ်းမဲ့ အမှိုက်သိမ်းသူများသည် တစ်နေကုန် ရပ်ကွက်အတွင်းမှ အမှိုက်များအား လှည်းကြီးလှည်းငယ်များဖြင့် သိမ်းယူစုပုံကာ စီးပွားရှာလျက်ရှိပါသည်။ စွန့်ပစ်အမှိုက်များမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်မှ ရပ်ကွက်ပြည်သူများ နေ့စဉ်ရှူရှိုက်နေရပါသည်။ လမ်းသွားလမ်းလာများနှင့် ကားများလည်း သွားလာရန်ခက်ခဲလျက်ရှိနေ ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ စည်းကမ်းမဲ့ အမှိုက်သိမ်းနေမှုကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ရေဆိုးများ လမ်းမပေါ်စွန့်ပစ်မှု ကြပ်မတ်ပေးစေချင်

စာတည်းခင်ဗျား-

ပြင်ဦးလွင်ရပ်ကွက်ကြီး(၁)၁၀ကွက်၊ စီ လမ်းသွယ် (၂)ရှိ အိမ်တစ်အိမ်သည် အညစ်အကြေးရေဆိုးများကို အများပြည်သူသွား လမ်းမပေါ်၌ နေ့စဉ်စွန့်ပစ်နေပါ၍ လမ်းဘေးရှိ နေအိမ်များသို့ စီးဝင်ကာ ရေတွင်း၊ ရေကန်များအတွင်း အညစ်အကြေး ရေဆိုးများ စိမ့်ဝင်ခြင်း၊ နေအိမ်အဝင်လမ်းများ၌ ရေဆိုးများဝပ်နေခြင်းတို့ကြောင့် ကျန်းမာရေး ထိခိုက်နေပါ၍ ကြပ်မတ်ပေးရန် တင်ပြအပ်ပါသည်။

ပြင်ဦးလွင်သား

ရေကန်သန့်ရှင်းမှုမရှိ၍ အနှောင့်အယှက်ဖြစ်ရ

စာတည်းရှင့်-

လှိုင်မြို့နယ် ၂ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ၁၀လမ်းထောင့်တွင် ရေးဟောင်း ကမာကလုံကန်ရှိပြီး ကန်ရေလယ်တွင် ဘုရားကျောင်းဆောင်နှင့် လျှောက်လမ်းတံတားရှိပါသည်။ ဘုရင့်နောင်လမ်းဘေးတွင် စားသောက်ဆိုင်တဲများရှိနေပြီး ၎င်းတို့မှ အမှိုက်သရိုက်များ၊ အညစ်အကြေးများကြောင့် ကန်သန့်ရှင်းမှုမရှိဘဲ မြင်သူများ စိတ်အနှောင့်အယှက်ဖြစ်နေရပါ၍ သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရသည်။

အမြင်မတော်သူ

လမ်းပေါ်ရောက်နေသည့် အုန်းပင်ခုတ်လှဲပေးစေချင်

စာတည်းခင်ဗျား-

ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် စံရိပ်ငြိမ်(၆)လမ်းသွယ်ရှိ တိုက်အမှတ်(၆) နေအိမ်ရှေ့ လမ်းမြေပေါ်တွင် ပေါက်နေသော အုန်းပင်တစ်ပင်သည် အမြင့်အားဖြင့် ပေ ၄၀ ခန့်ရှိပြီး အုန်းသီးအခြောက်များ၊ အုန်းသီးအနုများ၊ အုန်းလက်များ မကြာမကြာ ကြွေကျနေပါသဖြင့် လမ်းသွားလမ်းလာများနှင့် မော်တော်ယာဉ်အဝင်အထွက် ပြုလုပ်နေစဉ် အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသားတစ်ဦး

တံတား ဖြတ်သန်းခ မှန်မှန်ကန်ကန်ဖြစ်စေချင်

စာတည်းခင်ဗျား-

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်တံတားဖြတ်သန်းခမှာ ကားလေးတစ်စီး ကျပ် ၅၀ သတ်မှတ်၍ ဆိုင်းဘုတ်တွင် ရေးထားသော်လည်း သတ်မှတ်နှုန်းအတိုင်း ကောက်ခံခြင်းမရှိဘဲ ပိုမိုကောက်ခံနေပြီး မေးမြန်းလျှင်လည်း မချေမငံဆက်ဆံနေပါ၍ စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

သန်လျင်သား

ပလက်ဖောင်းဈေးသည် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

တောင်ကြီးမြို့ တပင်ရွှေထီးလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ပလက်ဖောင်းပေါ်၌ သေတ္တာခွံများ၊ ထီးများနှင့်ကတ်များ အပြည့်ခင်းပြီး ညအိပ်ရောင်းချသော လမ်းဘေး ဈေးသည်များကြောင့် ခရီးသွားများ ကားလမ်းပေါ်သွားလာရသဖြင့် ယာဉ်အန္တရာယ် စိုးရိမ်ရပါ၍ စည်းကမ်းမဲ့ ကျူးကျော်ဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

တောင်ကြီးသား

ရပ်ကွက်ထဲမှ လက်ဖက်ရည်ဆိုင် ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

မွန်ပြည်နယ် ဘီးလင်းမြို့ ကန်သာယာရပ် ကျွန်းတောလမ်းရှိ လက်ဖက်ရည်ဆိုင်သည် မုန့်များကို နံနက်ည နေ့စဉ်ကြော်နေပါသဖြင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ အညှော်နံ့များကို နေ့စဉ်ရှူရှိုက်နေကြရပါသည်။ သို့ပါ၍ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အညှော်နံ့မခံနိုင်သူ

ကြက်မွေးမြူရေးခြံများ သန့်ရှင်းမှုဆောင်ရွက်ပြီးစီး

၈-၁၂-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မုံရွာခရိုင် ချောင်းဦးမြို့ မြို့သစ်နေရှင်နယ်ရပ်ကွက်ရှိ ပုဂ္ဂလိက ကြက်မွေးမြူရေးခြံများ သန့်ရှင်းစေချင်** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ပဲပုပ်ရည်စနစ်တကျစွန့်ပစ်ရေး ကြပ်မတ်ဆောင်ရွက်ပြီး

၂၂-၁၂-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပခုက္ကူမြို့ အမှတ် ၁၅ (၄)ရပ်ကွက် အမက(၁၃၄)ကျောင်း အနောက်ဘက်ရှိ ပဲကြော်လုပ်ငန်းမှ ပဲပုပ်ရည် စနစ်တကျ စွန့်ပစ်စေချင်** ပေးစာနှင့် ပတ်သက်၍ အနံ့ဆိုးများ မရှိစေရေး ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌွေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ) ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ဌွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန် (အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၁၂ခုနှစ် အိုလံပစ်အားကစားပွဲတော်ပြင်ဆင်မှု

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၁၈

၂၀၁၂ခုနှစ် အိုလံပစ်အားကစားပွဲတော်ကို အင်္ဂလန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ အားကစားအဆောက်အအုံတွေ စတင်ဆောက်လုပ်နေပြီဖြစ်ပါတယ်။ ကျင်းပပြီးသမျှ အိုလံပစ်ပွဲတော်တွေအားလုံးထက် ခေတ်အမီဆုံး၊ အခမ်းနားဆုံးပြိုင်ပွဲကြီးတစ်ရပ်ဖြစ်အောင် အင်္ဂလန်အိုလံပစ်ပွဲတော် ကျင်းပရေးကော်မတီက စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

အင်္ဂလန်နိုင်ငံမှာ ၂၀၁၂ခုနှစ် အိုလံပစ်ပွဲတော်အတွက် တည်ဆောက်နေတဲ့ အားကစားရုံတွေကတော့ အိုလံပစ်အားကစားရုံ၊ ရေကူးနဲ့ဒိုင်ဗင်အားကစားရုံ၊ အားကစားရွာ၊ ဘတ်စကက်ဘော အားကစားရုံ၊ တင်းနစ်အားကစားရုံ၊ ဟော်ကီ အားကစားရုံ၊ စက်ဘီးစီးပြိုင်ပွဲ ကျင်းပမယ့် အားကစားရုံ၊ ဘော်လီဘောပွဲပြိုင်ပွဲ ကျင်းပမယ့် အားကစားရုံ၊ လက်ဝှေ့ပြိုင်ပွဲ ကျင်းပရာ အားကစားရုံနဲ့ သဲသောင်ပြင်ဘောလုံး၊ ဘော်လီဘောပြိုင်ပွဲ ကျင်းပတဲ့နေရာ အပါအဝင် စုစုပေါင်း အားကစားရုံ ၂၂ရုံ ခန့်ရှိပါတယ်။

ဒီအားကစားရုံတွေထဲမှာ အိုလံပစ်အားကစားရုံကတော့ ၂၀၁၂ခုနှစ် အင်္ဂလန်အိုလံပစ်ပွဲတော် ဖွင့်ပွဲပိတ်ပွဲ ကျင်းပရာနေရာအဖြစ် သတ်မှတ်ထားပါတယ်။ ပရိသတ် စုစုပေါင်း ၈၀၀၀၀ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ကုန်ကျငွေက ပေါင် ၄၉၆သန်း အသုံးပြုမှာ ဖြစ်ပါတယ်။

ကျင်းပ

ရေကူးနဲ့ဒိုင်ဗင်ကစားပွဲတွေ ကျင်းပမယ့်အားကစားရုံကိုတော့ လူ ၁၇၅၀၀ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ကုန်ကျငွေပေါင် ၃၀၃သန်း ကုန်ကျခံတည်ဆောက်နေပါတယ်။ ဒီအားကစားရုံမှာ ဝါတာပိုလို အားကစားပြိုင်ပွဲလည်း ကျင်းပသွားမှာဖြစ်ပါတယ်။ ၂၅မီတာ ကျယ်တဲ့ ဒိုင်ဗင်ထိုးကန်နဲ့ မီတာ ၅၀ကျယ်တဲ့ ရေကူးလေ့ကျင့်ရေးကန်လည်း ပါဝင်ပါတယ်။

ခန့်မှန်း

အီတန်မာနော အားကစားရုံကတော့ တင်းနစ်အားကစားပြိုင်ပွဲ ကျင်းပမှာဖြစ်ပြီး ပရိသတ် ၁၀၅၀၀ ဝင်ရောက်ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ အိုလံပစ်အားကစားရွာ အဆောက်အအုံတွေက နိုင်ငံတကာပြေးခုန်ပစ် အားကစားသမား ၁၇၀၀၀နဲ့ အားကစားအသင်းအုပ်ချုပ်သူနဲ့ နည်းပြတွေနေထိုင်တည်းခိုနိုင်အောင် တည်ဆောက်နေပါတယ်။ နေထိုင်လေ့ကျင့်ဖို့အဆောက်အအုံ ၅၅၀၀ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ စုစုပေါင်း ကုန်ကျငွေပေါင်သန်း ၆၀၀ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ဘတ်စကက်ဘော အားကစားရုံကတော့ ပရိသတ် ၁၂၀၀၀ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ဘတ်စကက်ဘောအပြင် အခြားပွဲစဉ်တွေလည်း ပါဝင်ယှဉ်ပြိုင် နိုင်အောင် တည်ဆောက်မှာဖြစ်ပါတယ်။ ဒီအဆောက်အအုံကို ပေါင် သန်း ၆၀ အကုန်အကျခံ တည်ဆောက်မှာ ဖြစ်ပါတယ်။

လက်ဝှေ့၊ ဂျူဒို၊ စားပွဲတင် တင်းနစ်၊ အလေးမ၊ တိုက်ကွမ်ဒိုပြိုင်ပွဲတွေ ကျင်းပမယ့် အားကစားရုံကတော့ ပရိသတ် ၃၂၀၀၀ကြည့်ရှုနိုင်ပြီး ကုန်ကျငွေပေါင် ၂၁သန်း ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။ ကျန်တဲ့ အားကစားရုံတွေကိုလည်း စတင်ဆောက်လုပ်နေပြီဖြစ်လို့ ၂၀၁၁ ခုနှစ်မှာ အပြီးတည်ဆောက်ဖို့ ခန့်မှန်းထားပါတယ်။

တည်ဆောက်

အခုတည်ဆောက်နေတဲ့ အားကစားရုံတွေဟာ တချို့က အသစ်ဖြစ်ပြီး အချို့ကရှိပြီးသား အားကစားအဆောက်အအုံတွေကို အဆင့်မီမွမ်းမံနေတာဖြစ်ပါတယ်။ ဒီအဆောက်အအုံတွေကို ၂၀၀၈ခုနှစ် မေလ ၂၂ရက်ကစပြီး တည်ဆောက်နေတာဖြစ်ပါတယ်။

စောင့်မျှော်ကြည့်ရှု

ဒါကြောင့် ၂၀၁၂ခုနှစ် အိုလံပစ်အားကစားပွဲတော် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်မှု ရှိမရှိဆိုတာကတော့ စောင့်မျှော်ကြည့်ရှုရမှာဖြစ်ပါကြောင်း။ ။

ကိုးကား - အင်တာနက်

ဆိုနီအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဂျွန်ဆင် ဦးဆောင်နေ

လန်ဒန် ဇန်နဝါရီ ၁၈

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ် ဟိုနိုလူလူကွင်းတွင် ကျင်းပလျက်ရှိသော ဆိုနီအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်မှဂေါက်သီးအကျော်အမော် ၂၀၀၇ ခုနှစ် မာစတာချန်ပီယံ ဇက်ချ်ဂျွန်ဆင်သည် တတိယအဆင့်ပြိုင်ပွဲများပြီးချိန်တွင် စုစုပေါင်းရိုက်ချက် ၆၆ချက်ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၀ချက် လျှော့ရိုက်ကာ ပြိုင်ဘက်ထက်လျှော့ရိုက်ချက် တစ်ချက်အသာဖြင့် ပြိုင်ပွဲကိုဦးဆောင်နေသည်။

ဦးဆောင်

ဩစတြေးလျမှ နသန်ဂရီးန်၊ အမေရိကန်မှ ဘရိုင်ယန်ဂေး၊ ဒေးဗစ်တွမ်နှင့် ဂျပန်မှ ရှီဂီကီမာရူယာမာတို့သည် လျှော့ရိုက်ချက်ကိုးချက်စီဖြင့် ပြိုင်ပွဲကိုဦးဆောင်နေသူ ဂျွန်ဆင်၏နောက်မှ ကပ်လိုက်နေကြသည်။

ပြိုင်ပွဲတစ်ဝက်အထိ ဂရိန်းနှင့်အတူ ဦးဆောင်နေသူ အမေရိကန်မှ တွမ်ပါနိုက်ခ်ဂျူနီယာသည် တတိယပတ်လည် ပြိုင်ပွဲပြီးချိန်တွင် သတ်မှတ်ရိုက်ချက်အောက် သုံးချက်သာ လျှော့ရိုက်နိုင်ခဲ့သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

ရင်ဆိုင်ကျော်ဖြတ်စရာအများကြီးရှိသေးကြောင်း မန်ယူနည်းပြ ဖာဂူဆန်ပြောကြား

လန်ဒန် ဇန်နဝါရီ ၁၈

မန်ယူအသင်းသည် ဇန်နဝါရီ ၁၇ရက်ညက ပရီမီယာလိဂ်ပွဲစဉ်(၂၂)အဖြစ် အဝေးကွင်း၌ ဘော်လ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ပရီမီယာလိဂ် ဇယားထိပ်တွင် ရပ်တည်နိုင်ခဲ့ခြင်းအတွက် အားရကျေနပ်မိကြောင်း မန်ယူနည်းပြ ဖာဂူဆန်က ဖွင့်ဟဝန်ခံပြောကြားခဲ့သည်။

အနိုင်ရရှိ

ပွဲချိန်မိနစ် ၉၀ တွင် ဘာဘာတော့ဗ်၏ နောက်ကျဂိုးဖြင့် မန်ယူတို့ အိမ်ရှင်တို့အား အနိုင်ရရှိကာ ဇယားထိပ်မှ လီဗာပူးတို့၏ နေရာတွင်ဝင်ရောက်ကာ ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့သည်။

သို့သော်လည်း ဖာဂူဆန်က မိမိတို့အနေဖြင့် သုံးနှစ်ဆက်တိုက်ပရီမီယာလိဂ်သရဖူကို ကိုင်မြှောက်ခွင့်ရနိုင်ရန်အတွက် ဆက်လက် ရင်ဆိုင်ကျော်ဖြတ်ရဦးမည်ဖြစ်ပြီး အများကြီး ကြိုးစားဖို့လိုသေးကြောင်း ပြောကြားခဲ့သည်။

ရပ်တည်

ယခုအဆင့်တွင် ထိပ်ဆုံးသို့ ရောက်ခြင်းသည် သရဖူရရှိရေးအဆုံးအဖြတ်ပွဲစဉ် မဟုတ်သေးကြောင်း၊ သို့သော်လည်း ရောက်သင့်ရောက်ထိုက်၊ ရပ်တည်သင့်ရပ်တည်ထိုက်သောနေရာသို့ ရောက်ရှိခြင်းသည် အမြဲတမ်းဖြစ်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ မန်ယူသည် ယခုအခါ လက်ကျန်ပွဲတစ်ပွဲ ကစားရန်ကျန်ရှိနေသေးချိန်တွင် လီဗာပူးအသင်းထက် တစ်မှတ်အသာဖြင့် ဇယားထိပ်၌ ရပ်တည်နေခြင်းဖြစ်သည်။

(အင်တာနက်)

လက်ဝှေ့ကျော်ဂျွန်မာရေး လိုက်ဝိတ်သရဖူကာကွယ်နိုင်ခဲ့

လန်ဒန် ဇန်နဝါရီ ၁၈

လက်ဝှေ့ကျော် ဂျွန်မာရေးသည် စိန်ခေါ်သူစကော့တလန် လက်ဝှေ့သမား လီမက်အယ်လ်လီစတာအား ယှဉ်ပြိုင်အနိုင်ထိုးသတ်ပြီးနောက် ၎င်း၏ဗြိတိသျှ လိုက်ဝိတ်တန်းသရဖူကို ပြန်လည်ထိန်းသိမ်းကာကွယ်နိုင်ခဲ့သည်။

စကော့လက်ဝှေ့သမား အယ်လ်လီစတာသည် အစပိုင်းတွင် ယှဉ်ပြိုင်ထိုးသတ်ပုံကောင်းသော်လည်း လက်ရှိချန်ပီယံ ဂျွန်မာရေးအား မယှဉ်ပြိုင်နိုင်ခဲ့ချေ။

အဋ္ဌမအချီသို့ဝင်ရောက်ချိန် မိနစ်ပိုင်းတွင်ပင် အယ်လ်လီစတာ၏ ခန္ဓာကိုယ်အားပူးကပ်ကာ ဘယ်ဖြတ်လက်သီး မိမိရရထိုးသွင်းပြီးနောက် အယ်လ်လီစတာ အထိနာသွားသဖြင့် ဒိုင်လူကြီးဂျွန်ကိန်းက ပြိုင်ပွဲကိုအဆုံးသတ်လိုက်ရသည်။

ဝန်ခံပြောကြား

ပြီးခဲ့သည့်နှစ်က လီမီဂျာအား ငါးချီတွင်ထိုးသတ်နိုင်ခဲ့ကြောင်း၊ လက်ဝှေ့ကျော် အမီရ်ခန်းနှင့် ထိုးသတ်ရန်လည်း အာသာဆန္ဒပြင်းပြစွာဖြစ်ပေါ်မိခဲ့ကြောင်း အသက် ၂၄နှစ်ရှိ ဂျွန်မာရေးက ဖွင့်ဟဝန်ခံပြောကြားခဲ့သည်။

(အင်တာနက်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မကွေးတိုင်း၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်ရဲတပ်ဖွဲ့မှူး
ဒုရဲမှူးအောင်ငွေကြည်-ဒေါ်တင်လေး(S.A.T)တို့၏
တစ်ဦးတည်းသောသား

ဗိုလ်မျိုးထက်အောင် M.B., B.S (DSMA)
1st Year, M.Med.Sc (Anaes Thesia)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(၂၆၀)၊ အခန်း ၁၉/၂၀နေ
ဦးစိန်ရီ (Ocean Tankers Pte., Ltd.)-ဒေါ်ဝင်းမာတို့၏
တစ်ဦးတည်းသောသမီး

မကြည်ဇာစိန်ရီ(ဂူးဂူး) B.A (Myanmar)

တို့သည် ၁၈-၁-၂၀၀၉ရက်တွင် **Western Park Royal** ၌ နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မျိုးထက်အောင်-မကြည်ဇာစိန်ရီ(ဂူးဂူး)။

မသက်ဆိုင်ပါကြောင်း

ကျွန်မ ဒေါ်နုနုစိန် ၁၂/သကတ(နိုင်)၀၁၆၆၃၄နှင့် ဦးလှဝင်း ၁၂/သကတ(နိုင်)၀၁၈၈၃၀သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း အများသိစေအပ်ပါသည်။

ဒေါ်နုနုစိန် ၁၂/သကတ(နိုင်)၀၁၆၆၃၄။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး
တင်ဒါများဖိတ်ခေါ်ခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန လက်အောက်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တွင် တည်ဆောက်မည့် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို(BQ)နှင့် တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ တင်ဒါပုံစံများကို ၂၀-၁-၂၀၀၉ ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး ချိပ်ပိတ်တင်ဒါများကို ၉-၂-၂၀၀၉ ရက်နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၄။ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များရှိပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်မှ အကူအညီရယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန်အချက်အလက်များကို အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်း ရယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရုံးအမှတ်(၂၁)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၄၀၁၈၊ ၄၀၄၁၈၁၊
ပါမောက္ခချုပ်၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
လှိုင်သာယာ၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၈၅၂၆၆၊ ၆၈၅၂၇၇၊ ၀၉-၈၆၀၂၀၆၆။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးကောက်ရိန်-(ဒေါ်တင်တင်)
တို့၏သား

မောင်ကျော်ကျော် (ကျော်ကျော်-စက်မှုတက္ကသိုလ်)

B.E (Mechanical)
M.O.T First Class Part(A)
Second Engineer (Uniteam Marine Ltd.)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးဖြူဝင်း-ဒေါ်ကြင်ဝင်း
တို့၏သမီး

မဆွေဇင်ဖြူဝင်း

B.Sc (Environmental Studies)
Diploma in Business Studies

တို့သည် ၃-၁-၂၀၀၉ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ကျော်-မဆွေဇင်ဖြူဝင်း။

မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းန ကိုးကားတင်ပြသည်

ဟားခါး၊ နမ့်စန်၊ ပင်လောင်း အေးမြအေး
မုတ္တမကွေ့ ကမ်းလွန်ပင်လယ်ပြင်တို့၌ လှိုင်းကြီးနိုင်

ရန်ကုန် ဇန်နဝါရီ ၁၈

ဇန်နဝါရီ ၁၈ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်

ညအပူချိန်များမှာ ရန်ကုန်တိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၌ ၂ဒီဂရီ စင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့၌ ၅ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ရာသီဥတု အခြေအနေ

ဇန်နဝါရီ ၁၉ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကိုခန့်မှန်းရပါက ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ၁၉ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေမည်။

မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှလေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်ပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့် ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့ရုပ်မြင်သံကြား

၁၉-၁-၂၀၀၉ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၀ ၇။ **ကြိုဆိုလျက်ပါ** မင်းထက်ကျော်ဇင်၊ ၄က်ပျောကြော်၊ နေထူးနိုင်၊ နေယံ၊ မိုးယံဇွန်၊ သင်ဇာဝင့်ကျော်၊ ဇင်ဇင်ဇော်မြင့်၊နန်းဆုရတီစိုး ဒါရိုက်တာ-အောင်မိုး (ပဲရစ်)
- ၈:၂၀ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
- ၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာ အထူးပြု) (စီးပွားရေးပညာ)
- ၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
- ၅:၁၅ ၇။ မြန်မာစာ မြန်မာစကား
- ၅:၃၀ ၈။ တေးဂီတအစီအစဉ်
- ၅:၄၅ ၉။ ၂၀၀၇ ခုနှစ် စာပေဗိမာန် စာမူဆုရှင်များ၏ ပုံရိပ်များနှင့် ရင်တွင်းစကား (အပိုင်း-၁)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ ဆိုကြမယ်ပျော်ကြမယ်
- ၇:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွံ့ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၄)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၁၉)

မြောင်းမြ မြို့မဈေးကြီး၌
မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

မြောင်းမြ ဇန်နဝါရီ ၁၈

မီးဘေး ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှု သရုပ်ပြဇာတ်တိုက် လေ့ကျင့်မှုကို မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဒီဇင်ဘာ ၂၈ ရက်က မြောင်းမြမြို့ အမှတ်(၄)ရပ်ကွက် အဆိုပါမြို့မဈေးကြီး၌ကျင်းပသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးဟန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်းတို့က မြို့နယ် မီးသတ်ဦးစီးမှူးဦးကျော်စိုးသန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြသည်။**(အောက်ပုံ)(မြို့နယ်စည်ပင်)**

ရေတာရှည်မြို့နယ် ပညာရေးစုံညီပွဲ ကျင်းပ

ရေတာရှည် ဇန်နဝါရီ ၁၅

ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက်က အထက ရေတာရှည် အောင်ဆန်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် မြို့နယ်ပညာရေးမှူးကိုယ်စား ကျောင်းအုပ်ဆရာကြီး ဦးလှစိုးတို့က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပညာရေးကော်မတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဆုပေးပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

သထုံမြို့ အလယ်တန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်း

သထုံ ဇန်နဝါရီ ၈

သထုံမြို့ မြို့တွင်းလမ်းဖြစ်သော အလယ်တန်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃၁ရက်က ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မာရသွန်အပြေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မိုင်းဖြတ်မြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ဇန်နဝါရီ ၄ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းက ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

ဇန်နဝါရီ ၂ရက်က တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးဉာဏ်ထွန်းက စံပြကျောင်းသူဆုရ မဇင်မီကိုအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

နွားထိုးကြီး၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

နွားထိုးကြီး ဇန်နဝါရီ ၁၄

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၉)ခုနှစ် ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက် ၁၀နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးရှေ့၌ ကျင်းပသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာမျိုးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးဒေါက်တာ ဦးဉာဏ်ထွန်းမိုးတို့က ကလေးငယ်များကို အမျိုးသားကာကွယ်ဆေး စတင်တိုက်ကျွေးကြပြီး မြို့ပေါ်ရှိ ရပ်ကွက်ခြောက်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ လှည့်လည်ကြည့်ရှု ဆေးတိုက်ကြသည်။

တိုက်ကျွေး

မြို့နယ်အတွင်းရှိ မွေးကင်းစမှအသက်ငါးနှစ်အောက် ကလေးငယ် ၂၀၅၄၇ ဦးတို့အား ဆေးတိုက်အဖွဲ့ ၄၂ဖွဲ့ က စုရပ်နေရာ ၁၉၀တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြသည်။ **(ဝ၈၉)**

ရန်ကုန်မြို့ လသာမြို့နယ် လမ်း၂၀နေ ဦးတင်ရန်ခင် (ခ) ယိုချိန်တောင်-ဒေါ်တန်စွမ်ကြို(ခ)ဒေါ်ချိုမိသားစုတို့က နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် ၁၆၄၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၅-၁၉၈၁) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၇၅ ခုနှစ် ဝင်ခွင့်ရရှိသူများအားလုံး၊ ၁၉၈၁ခုနှစ်တွင် ဘွဲ့ရရှိခဲ့သူ အင်ဂျင်နီယာနှင့် ဗိသုကာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၇ရက်(စနေနေ့) ညနေ ၅နာရီမှ ည ၉နာရီအထိ M-3 Food Centre တွင် ကျင်းပမည် ဖြစ်သည်။ မှတ်တမ်းပြုစုရန်အတွက် ကျောင်းသားအရွယ်နှင့် ယခုအရွယ်ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ လိပ်စာ၊ ဖုန်းနံပါတ် နှင့် အလှူငွေများကို ဦးစောမောင်(Mining) ဖုန်း-၀၉-၅၁-၅၆၅၁၅၊ ဦးငွေစိုး (Mech;)ဖုန်း-၀၁-၂၂၂၄၇၄၊ ဦးမောင်အုန်း(Mech;)ဖုန်း-၀၉-၅၁-၂၁၀၃၆၊ ဦးကျော်ဦး (Mech;)ဖုန်း-၀၂-၆၄၀၆၃(မန္တလေး)၊ ဦးကျော်ဆန်း (Civil)ဖုန်း-၀၉-၅၀-၀၃၈၁၆၊ ဒေါ်စန်းစန်းအေး(Civil)ဖုန်း-၀၉-၅၁-၅၄၁၁၁၊ ဦးအောင်နိုင်မြင့် (E.C)ဖုန်း-၀၁-၅၄၉၅၈၃၊ ဦးစိန်အောင်(E.C)ဖုန်း-၀၉-၅၀-၀၃၄၂၀၊ ဦးရဲမြင့်(E.P)ဖုန်း-၀၉-၅၀-၀၆၃၇၁၊ ဒေါ်သူဇာမြင့်(Chem;)ဖုန်း-၀၉-၅၁-၃၀၄၅၀၊ ဦးအေးသန်း(Petrol)ဖုန်း-၀၁-၇၂၀၄၄၈၊ ဦးသန်းအောင်(Met;)ဖုန်း-၀၁-၂၉၀၆၇၇၊ ဒေါ်တင့်တင့်သိန်း(Textile) ဖုန်း-၀၉-၂၀-၃၃၀၉၁နှင့် ဒေါ်နီလာကျော် (Arch;)ဖုန်း-၀၉-၅၁-၁၆၉၈၂ တို့သို့ ဇန်နဝါရီလကုန် နောက်ဆုံးထား၍ ပေးပို့လှူဒါန်းနိုင်ကြောင်း၊ ညစာစားပွဲတွင် လိုက်ပါလိုသော မိသားစုဝင်စာရင်းကို ဇန်နဝါရီလကုန် နောက်ဆုံးထား၍ စာရင်းပေးကြရန်နှင့် မြတ်ဆရာပူဇော်ပွဲနှင့် အသေးစိတ်အချက်အလက်များကို www.rit 75-81,org တွင် ဖွင့်ကြည့်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု၍ ဗဟန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင် ကလေးပြုစုရေးမှ ရင်သွေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပစဉ်။ (လူမှုဝန်ထမ်း)

ကျေးလက်ဒေသ ရေရရှိရေး ဟုမ္မလင်း၌ ဆောင်ရွက်

ဟုမ္မလင်း ဇန်နဝါရီ ၁၇

ဟုမ္မလင်းမြို့ ရွှေပြည်အေးဒေသတွင် သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရေစုကန်မှ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၂ရက်က ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု)ဦးစောမြင့်ဦးတို့ ကြပ်မတ်၍ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာသင်ခန်း အချိန်ပိုင်းငှားလိုသူများဆက်သွယ်ရန်

သွားလာရလွယ်ကူသော ယုဇနပလာဇာအနီးတွင်တိတ်ဆိတ်ကျယ်ဝန်း၍ သင်ကြားရေးပစ္စည်း စုံလင်စွာပါရှိပြီး Air-Con တပ်ဆင်ထားသော စာသင်ခန်းများ ငှားရန်ရှိသည်။

ဖုန်း-၀၁-၂၉၉၂၇၄၊ ၀၉-၅၁-၄၆၈၂၃။

အမည်ပြောင်း

အဖ ဦးခင်ဇော် ၉/မလန(နိုင်)၀၁၃၇၄၃၏သား မကွေးမြို့ အလက(၄)ပဥ္စမတန်း (A)မှ မောင်မင်းဟိန်းထက်အား မောင်မင်းသန့်ထူးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသန့်ထူး။**

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉)ဖြင့် **သုဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော မိုးကုတ်မြို့နေ **ဦးနန္ဒ**အား လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါး(ဟိန္ဒူ)ဓမ္မအဖွဲ့ချုပ်၊ တောင်ကြီးမြို့နယ်၊ တောင်ကြီးမြို့။

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၉)ဖြင့် **သုဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသော မိုးကုတ်မြို့နေ **ဦးနန္ဒ**အား လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးပန်ဒစ်ဒတ္တာရမ်းရှာမားမိသားစု
ငြိမ်းချမ်းရေးစာရေးကိရိယာဆိုင်၊ တောင်ကြီးမြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ်-၅၁၃၊ မြေကွက်တည်နေရာအမှတ်(၅၁၃)၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးသောင်းရွှေ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးသောင်းရွှေနှင့် မိခင် ဒေါ်သန်းတင် ကွယ်လွန်သဖြင့် ဦးမျိုးတင့် ၁၂/ဗဟန(နိုင်)၀၆၂၃၆၀က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ဗလ
ငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့

လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၉)ဖြင့် **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ် ချီးမြှင့်ဂုဏ်ပြုခြင်းခံရသော **ဒေါ်ချောစုမြတ်**(အကျင်းနှင့်ညီမျှား တာယာရောင်းဝယ်ရေး)အား လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဦးငွေအောင်-ဒေါ်နန်း
စန္ဒာအောင်ကားတာယာရောင်းဝယ်ရေး၊
စက်မှု-၁၊ မန္တလေးမြို့။

မည်သည့်ရေလှိုင်းမှမဆို လျှပ်စစ်စွမ်းအင်ထုတ်ယူနိုင်ပြီ

➢ ဘာသာပြန်သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)



နယူးယောက် ဇန်နဝါရီ ၁၈

ကမ္ဘာပေါ်တွင်ရနိုင်သမျှသော သဘာဝစွမ်းအင်များကို ထုတ်ယူသုံးစွဲနိုင်ရေး ကြိုးစားရာ၌ ရေလှိုင်းများမှ စွမ်းအင်ထုတ်ယူရေးကို ဦးစားပေးဆောင်ရွက်လာကြပြီဖြစ်သည်။

စွမ်းအား

ပင်လယ်သမုဒ္ဒရာအတွင်း ဖြစ်ပေါ်နေသော ရေလှိုင်းများ၏အားကိုယူကာ လျှပ်စစ်စွမ်းအင်ထုတ်ယူ သုံးစွဲမှုကို ယခင်ကထက်စွမ်းအား ပိုမိုသုံးစွဲနိုင်ရေးအတွက် နည်းပညာသစ်များ တိုးချဲ့အသုံးပြုလာပြီဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

ပြင်သစ်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပင်လယ်တွင်းပျက်ကျ နှစ်ဦးသေဆုံး၊ ခြောက်ဦး ပျောက်ဆုံးနေ

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ပါရီ ဇန်နဝါရီ ၁၈

ပြင်သစ်တပ်ဖွဲ့ဝင် ၁၀ ဦး တင်ဆောင်ပျံသန်းလာသော စစ်ဘက်ရဟတ်ယာဉ်တစ်စင်းသည် အနောက်အာဖရိကနိုင်ငံဖြစ်သည့် ဂါဘွန်နိုင်ငံကမ်းလွန်ပင်လယ်ပြင်တွင်းသို့ ဇန်နဝါရီ ၁၈ ရက် ဒေသစံတော်ချိန် ည ၈ နာရီ ၈ မိနစ်က ပျက်ကျသွားခဲ့ကြောင်း ပြင်သစ်နိုင်ငံစစ်ဘက်က သတင်းထုတ်ပြန်လိုက်သည်။



ကယ်ဆယ်နိုင်ခဲ့

ပင်လယ်အတွင်း ပျက်ကျခဲ့သော ရဟတ်ယာဉ်မှ ပြင်သစ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ကျန်တပ်ဖွဲ့ဝင်နှင့် ရဟတ်ယာဉ်မှူးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှု

ပျက်ကျခဲ့သော ပြင်သစ်စစ်ဘက် ရဟတ်ယာဉ်ပေါ်၌ ပါရှိလာသော ပြင်သစ်တပ်ဖွဲ့ဝင်များမှာ အင်ဂါရီအမည်ရှိ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ရန် ပြင်သစ်နိုင်ငံမှ တင်ဆောင်ပျံသန်းလာခြင်းဖြစ်ပြီး ရောက်ရှိနေသော ပြင်သစ်တပ်ဖွဲ့ဝင် ၆၀၀နှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်ရန်ဖြစ်သည်။

စုံစမ်းဆဲ

ရဟတ်ယာဉ် ပျက်ကျခဲ့ခြင်းကို စုံစမ်းဆဲဖြစ်ကြောင်း သိရသည်။ ကယ်ဆယ်ရေးအဖွဲ့များက အမြန်ရေယာဉ်များဖြင့် သွားရောက်ကယ်ဆယ်ခဲ့သော်လည်း အမှောင်ထုက ဖုံးလွှမ်းနေသဖြင့် အခက်အခဲဖြစ်ရကြောင်း၊ ရာသီဥတုဆိုးရွားခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်း အပြည့်အဝ မဆောင်ရွက်နိုင်ကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

(အင်တာနက်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကလေးငယ်များအား နို့ပုံမှန်တိုက်ကျွေးလျှင် ရာသီဥတုကြောင့် ဖြစ်ပွားသော ရောဂါများကို ကာကွယ်နိုင်

ကလေးများအနေဖြင့် မွေးပြီးခြောက်လမှစတင်ကာ နေ့စဉ်နွားနို့ ပုံမှန်တိုက်ကျွေးပေးခြင်းသည် ကိုယ်ခံစွမ်းအား မြင့်တက်စေသည့်အပြင် ရာသီဥတုဒဏ်နှင့် နေရောင်ခြည်ဒဏ်များကို ခံနိုင်ရည်ရှိအောင် အထောက်အကူပေးနိုင်ကြောင်း ကနေဒါသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ကာကွယ်ပေးနိုင်

ကလေးငယ်များ တစ်နေ့လျှင် အနည်းဆုံးနွားနို့ ၂၅၀ မီလီဂရမ် သောက်သုံးခြင်းအားဖြင့် ရာသီဥတုအပြောင်းအလဲ၌ ဖြစ်ပွားတတ်သည့် ရောဂါများကို ကာကွယ်ပေးနိုင်ပြီး ခန္ဓာကိုယ်အရေပြားတွင် ဓာတ်မတည့်မှုများလည်း မဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၅ *

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်

မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း/ဟင်းချက်ပြုတ်ခြင်းမပြုရန်၊
(ခ) မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်၊
(ဂ) မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆ အထူးသတိပြု သုံးစွဲရန်။

မီးသတ်ဦးစီးဌာန

နိုင်ငံခြားငွေ ရှာဖွေပေးနေသော အစေ့မဲ့ဖရဲနှင့် ရွှေသခွားမွှေး

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
ကျော်ဦး(ကျောက်ဆည်)

စာမျက်နှာဖွဲ့စည်းမှု
ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၈

မန္တလေးတိုင်းမှာ ၂၀၀၈-၂၀၀၉ ခုနှစ် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းသားတွေ စိုက်ပျိုးခဲ့ကြတဲ့ ဖရဲဧက ၁၈၆၀ နဲ့ သခွားမွှေး ၄၇၆ ဧက ပေါင်း ၂၃၃၆ ဧက ယခုနှစ်မှာ စိုက်ပျိုးအောင်မြင်ခဲ့ပါတယ်။ ဖရဲနဲ့ သခွားမွှေးကို ပြည်ပကိုပို့ခဲ့တဲ့အတွက် နိုင်ငံခြားဝင်ငွေရရှိပါတယ်။ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေကြတဲ့ စိုက်ပျိုးရေးသမားများ ဘယ်လိုစိုက်ပျိုးထုတ်လုပ်သယ်ယူပြီး ရောင်းချကြတယ်ဆိုတဲ့ လုပ်ငန်းလေးကို စိတ်ဝင်စားမိလို့ ကျောက်ဆည်မြို့နယ်က စိုက်ပျိုးရေးဝါသနာရှင် ဗဟိုသစ်သီးဝလံအသင်းဝင် ဦးရဲစိုးနဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

မန္တလေးတိုင်း မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာမှ ထွက်ရှိသော အစေ့မဲ့ ဖရဲသီးများကို တစ်ပုံတစ်ပင် ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)